ကုက္ကိုကုန်း ကျေးရွာ

အရှေ့ပေါက်တော ကျေးရွာအုပ်စု၊ ပြည်မြို့နယ်

ပဲခူးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ(၂၀၁၈-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကုက္ကိုကုန်းကျေးရွာ၊ပြည်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်မြို့နယ်နှင့် ဒေါ်အေးအေးသော် - LIFT/Technical Assistant Team တို့ကူညီရေးဆွဲသည်။)

၂၀၁၈၊ ဇွန် လ

# မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ကုက္ကိုကုန်းကျေးရွာသည် ပဲခူးတိုင်းဒေသကြီး( အနောက်ပိုင်း)၊ပြည်ခရိုင်၊ပြည်မြို့နယ်၊ အရှေ့ပေါက်တောကျေးရွာအုပ်စုတွင် (၃) ရွာရှိသည့်အနက်မှ တစ်ရွာပါဝင်ပါသည်။ ကုက္ကိုကုန်းကျေးရွာ သည် ပြည်မြို့နယ်အဆုံး၊သဲကုန်းမြို့နယ်အစနေရာတွင် တည်ရှိပြီး သဲကုန်းမြို့နယ်ပိုင် ဆင်မြီးဆွဲကျေးရွာ နှင့် (၂)မိုင်ခန့်အကွာတွင် တည်ရှိ၍ ပြည်မြို့နယ်ပိုင် ပေါင်းတလည်မြို့နှင့် (၆)မိုင်အကွာတွင် တည်ရှိရာ ပြည်၊သဲကုန်း၊အင်းမ၊ဝက်ပုတ်ကားလမ်းမကြီးဘေးတွင် ကပ်လျှက် တည်ရှိပါသည်။အနောက်ဘက်တွင် လက်ပံတောကျေးရွာ၊တောင်ဘက်တွင် အရှေ့ပေါက်တောကျေးရွာ၊ အရှေ့ဘက်တွင် တဲကုန်းအုပ်စု၊ ရေပြာကျေးရွာတို့နှင့် ဝန်းရံတည်ရှိပါသည်။ ကုက္ကိုကုန်းကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး ရွာ၏ အရှေ့ဘက်တွင် သဘာဝအင်း(၂) အင်းရှိ၍ ပတ်ဝန်းကျင်ရှိ လယ်ကွင်းများမှာ မြေနိမ့်၍ ဒယ်ပိုင်းသဏ္ဍာန်ဖြစ်နေပြီး ရေထွက်နှေးကွေးခြင်းများကြောင့် လယ်ကွင်းများ နှစ်စဉ်ရေကြီးနစ်မြုပ် လျှက်ရှိသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကုက္ကိုကုန်းကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး ချောင်း၊မြောင်းပေါ်များခြင်း၊သစ်တောနှင့် (၃-၄) မိုင် ခန့်အကွာတွင် တည်ရှိခြင်းနှင် ရေဝတီမြစ်နှင့် ဝေးကွာမှုမရှိသည့် အတွက် ရာသီဥတု အသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာ၏ အရှေ့ဘက် ကွင်းအမှတ် (၇၉၃)တွင် သဘာဝ အင်း(၂)အင်း ရှိ၍ ဒယ်ပိုင်းသဏ္ဍာန် မြေနိမ့်ပိုင်းဖြစ်သည့်အတွက်ကြောင့် မြောက်နဝင်း လက်တံများမှ ရေများနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ မြောင်းများမှရေများစုပြုံ၍ ဆင်းလာပြီး ရေထွက်နှေးကွေးသည့် အတွက် နှစ်စဉ်ရေကြီးနစ်မြုပ်လျှက်ရှိပါသည်။ကျေးရွာတွင် တောင်သူပေါင်း (၁၀၉) ဦးပိုင် လယ်ကေ (၆၅၅.၇၅ )ကေ၊ဥယျာဉ်ခြံမြေ (၁၃.၇၃) ကေ နှင့် အခြားလပ်ငန်းများလည်း လုပ်ကိုင်ပါသည်။အင်း(၂)အင်းရှိ၍ ဖား၊ငါးများရှာဖွေလုပ်ကိုင်နိုင်သည်။ ထို့နောက် ထိုအင်းများမှ နွေရာသီ ရေခမ်းသည့်အချိန်တွင် မြေဆွေးမြေများကို သယ်ဆောင်၍ ဥယျာဉ်ခြံမြေတွင် ကွမ်းစိုက်ပျိုးရန် အတွက် အသုံးပြုနိုင်သည်။ကြိုးလုပ်ငန်းရှိ ဥယျာဉ်ခြံမြေတွင် ချဉ်ပေါင်လျှော်ပင်များလည်း စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကုက္ကိုကုန်းကျေးရွာတွင် လူထုအခြေပြုအဖွဲ့များထားရှိပြီး ကျေးရွာ၏ သာရေးနာရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများကိုတက်စွမ်းသ၍လုပ်ဆောင်ကြသော ကျေးရွာတရွာဖြစ်ပါသည်။ ရပ်မိရပ်ဖ

အဖွဲ့သည် အဓိကအားဖြင့် စီမံအုပ်ချုပ်မှု(သာရေး၊နာရေး၊လူမှုရေး၊ဖွံ့ဖြိုးရေး စသည်)တို့ကို တာဝန်ယူဆောင်ရွက်ပြီး အင်တိုက် အားတိုက်ဆောင်ရွက်ကြပါသည်။နာရေးအသင်းမှာ နာရေးအသင်းဝင်များဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာတွင်းမှ အိမ်တစ်အိမ်တွင် နာရေးဖြစ်ပါက အသင်းဝင်များမှ ဆန်(၄)လုံး၊ငွေ(၅၀၀) ကျပ်စီစု ဆောင်းပြီး ထောက်ပံ့ကြသည်။အသင်းမှာ ငွေ(၆၀၀၀၀) ကျပ်အား အတိုးမဲ့ဖြင့် ထုတ်ချေးပေးသည်။

ဂေါပကအဖွဲ့မှာ ဘာသာရေးပွဲတော်၊တရားပွဲများကို ဦးဆောင်ကျင်းပပြီး ဘာသာရေးတိုးတက် စေရန် ဦးဆောင်၍ တိုက်တွန်းဆောင်ရွက်ပါသည်။ မီးလင်းရေးအဖွဲ့မှာ ယခင်ကမီးရရှိရန်၊ အိမ်ထောင်စု များ မီးသုံးစွဲနိုင်ရန် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လုပ်ဆောင်မှုအားနည်းနေကြောင်းတွေ့ရသည်။ ဓမ္မစကြာအသင်းမှာ ဘာသာရေးပွဲတော်များ၊ နေ့ကြီးရက်ကြီးများ၊နာရေး ကိစ္စရပ်များတွင် ရွတ်ဖတ်လေ့ရှိကြသည်။ပရဟိတအသင်း၊ညီညွတ်ရေးအသင်းတို့မှာ သာရေး၊နာရေး ကိစ္စရပ်များ အတွက် လူအင်အားဖြင့် လိုအပ်သလို ကူညီဆောင်ရွက်နေကြသော အဖွဲ့ များဖြစ်သည်။အဖွဲ့များစွာဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ချိတ်ဆက်ဆောင်ရွက် မှုအားနည်း ပါသည်။မိမိတို့နှင့် ဆိုင်သည့်ကိစ္စရပ်များကိုသာ အလေးထားကြောင်း တွေ့ရသည်။အဖွဲ့အစည်းပုံစံဖြင့် စနစ်တကျ ဖွဲ့စည်းမှုအားနည်းပြီး ဦးဆောင်နိုင်မှု၊စည်းလုံးဟောပြောမှု၊စာရင်းဇယားထားရှိမှု တို့တွင် အားနည်းနေပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကုက္ကိုကုန်းကျေးရွာသည် စိုက်ပျိုးရေးနှင့် ကြိုးလုပ်ငန်းကို လုပ်ကိုင်သော ကျေးရွာဖြစ်သည်။ ကျေးရွာ၏ အဓိကစီးပွားရေးနှင့် အသက်မွေးမှုလုပ်ငန်းမှာ လယ်၊ဥယျာဉ်ခြံတွင် စိုက်ပျိုးသည့် ကွမ်းနှင့် ကြိုးလုပ်ငန်းတို့ဖြစ်သည်။ လယ်ကို မိုးရာသီတွင် စပါးနှင့် သီးထပ်အဖြစ် မတ်ပဲကို စိုက်ပျိုးပါသည်။စပါးအထွက်နှုန်းမှာ အနည်းဆုံး(၁)ကေလျှင် (၄၀) တင်း၊ အများဆုံး(၇၀)တင်း ထွက်ရှိပြီး ပျမ်းမျှ(၅၅) တင်းဖြစ်သည်။ယခုအခါ မတ်ပဲဈေးကွက်မကောင်း သဖြင့် ကုလားပဲနှင့် အခြားပဲများကို စမ်းသပ်စိုက်ပျိုးလာကြသည်။ ရေရရှိမှု လွယ်ကူသော်လည်း နွေစပါး စိုက်ပျိုးမှု မရှိသေးပါ။အကြောင်းမှာ မြေစေးဖြစ်ပြီး မြေနိမ်းပိုင်းဖြစ်၍ အလွန်အကျွံ ကုန်ထုတ်လုပ်ငန်း အတွက် လွယ်ကူမှုရှိဘဲ ကုန်ကျစရိတ်များခြင်း၊မြေကျွံသည့်အတွက် မိုးစပါးပြန်လည်စိုက်ပျိုးရန် ခက်ခဲခြင်း စသည်တို့ကြောင့်ဖြစ်သည်။

အိမ်ခြံဝင်းများအတွင်း တစ်နိုင်တစ်ပိုင် ကွမ်းများစိုက်ပျိုးကြသည်။ကွမ်းများမှာ ရက်သတ္တပတ် အလိုက် ခူးရသည့်အတွက် အသင့်အတင့်ဝင်ငွေရရှိပါသည်။ဝမ်းစာအတွက် တစ်ရွာလုံး နီးပါး

လုပ်ကိုင်သည့် လုပ်ငန်းမှာ ကျွဲ/နွား နဖားကြိုး၊မောင်းကြိုး၊ခလောက်လုပ်ကိုင်ခြင်း ဖြစ်သည်။ မြေယာ မရှိသည့် အိမ်ထောင်စုများအနက် အချို့အိမ်ထောင်စုများမှာ အင်းအတွင်း ငါး၊ဖား ရှာဖွေခြင်း၊ ငှက်ထောင်ခြင်း၊တစ်နိုင်တစ်ပိုင် ဝက်မွေးမြူခြင်းတို့လုပ်ကိုင်ကြပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် သောက်ရေအတွက် မိုးတွင်းကာတွင် မိုးရေကို စဉ့်အိုးများဖြင့် လှောင်ထားပြီး သောက်သုံးကြသည်။မိုးရေများကုန်သည့်အခါ လယ်ကွင်းရှိ သောက်ရေတွင်းများမှ ရေကြည်( ပြာလဲ့လဲ့အရောင်ရှိ)ကို သောက်ကြသည်။သုံးစွဲရန်အတွက် ကိုယ်ပိုင် စက်တပ်အဝီစိတွင်းများကို အဓိက အသုံးပြုကြပြီး ကိုယ်ပိုင်မတူးနိုင်သည့် နေရာများအနက် အိမ်ခြေ(၃ဂ)ခန့် အတွက် ကျေးလက်ဒေသဖွံ့ ဖြိုးရေးဦးစီးဌာနမှ (၄လက်မ)စက်ရေတွင်း တစ်တွင်းတူးပေးပြီး ယင်းမှ ခပ်ယူသုံးစွဲနေကြသည်။စက် ရေတွင်း မသုံးစွဲနိုင်သူ အိမ်ခြေ(၂၅) အိမ်ခန့်ကျန်ပြီး ယင်းအိမ်ထောင်စုများအတွက် (၄ လက်မ)စက်ရေ တွင်း တစ်တွင်းလိုအပ်လျှက်ရှိပါသည်။

ကျေးရွာတွင်းလမ်းများမှာ များသောအားဖြင့်မြေသားလမ်းများဖြစ်၍ မိုးတွင်းချိန်တွင် အချို့နေရာများသည်ရွံ့ဗွက်ဖြစ်၍ သွားလာရန် ခက်ခဲပါသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၏ စီမံချက်ဖြင့် ပေ (၃၆၅ဂ) ရှည်လျားသော ကျေးရွာချင်းဆက်လမ်းအား ရွံ့ဗွက်ရှိသည့် မြေသားလမ်းအဆင့်မှ မြေနီလမ်းအဆင့်သို့ ကူးပြောင်းနိုင်ရန် စီစဉ်ထားပါသည်။ကျန်ရှိသည့် ကျေး ရွာတွင်းလမ်းများကိုလည်းကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထ တတ်နိုင်သမျှ ပြုပြင်ရန် စီစဉ်ထားပါ သည်။

ကျေးရွာတွင် ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားကောင်းမွန်မှုမရှိပါ။ယခင်ထန်းသားဖြင့်ပြု လုပ်ထားသ့် တံတားအားပြီးခဲ့သည့်နှဏ် (၂ဂ၁၇) ခုနစ်မှ စတင်၍ ကျေးရွာမှ တတ်နိုင်သည့် အင်အားဖြင့် အုတ်မြစ်ချပြီး အုတ်တိုင်များပြီးစီး၍ အပေါ်ပိုင်းတွင် ယခင်က အသုံးပြုခဲ့သည့် တန်းများကို ပြန်လည်အသုံးပြုထားသဖြင့် ခိုင်ခံမှုမရှိပါ။ထို့ကြောင့် ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားအား ကျေးရွာ အင်အားနှင့် သက်ဆိုင်ရာဦးစီးဌာန ပူပေါင်း၍ ပြင်ဆင်ရန် ညှိနှိုင်းဆွေးနွေးထားပါသည်။

ကျေးရွာတွင် လျှပ်စစ်စွမ်းအားသည် လွန်ခဲ့သည့်နှစ်(၆ဂ) ခန့်ကပင် ရရှိခဲ့ပြီးဖြစ်ရာ ကျေးရွာတွင်း မီးတိုင်မီးတိုင်များသည် ကိုယ်ထူကိုယ်ထဖြစ်ခြင်းကြောင့် သစ်သားမီးတိုင်များသာ ထူနိုင်ပြီး ယခုအခါ ဆွေးမြေ့၍အန္တရာယ်ရှိနိုင်ပါသည်။

ကျေးရွာနှင့် ကပ်လျှက် ပေါက်တောကျေးရွာတွင် ( အမ်ပီတီ)တာဝါတိုင်တည်ရှိ သဖြင့် အမ်ပီတီ ဖုန်းလိုင်းကောင်းမွန်မှုရှိပါသည်။ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး ပြည်-အင်းမ-ဝက်ပုတ်-ရန်ကုန်သို့သွားသည့် ကားလမ်းဘေးတွင် တည်ရှိသည့်အတွက် ကား၊ဆိုင်ကယ် စသည့် မည့်သည့်ယာဉ်မဆို သွားလာနိုင်ပြီး ကောင်းစွာကုန်စည်စီးဆင်းနိုင်ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတွက်လိုအပ်သော ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။စိုက်ပျိုးရေးကို အခြေခံသော ကျေးရွာဖြစ်၍ စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်မီထုတ်ချေးပေးနိုင်လျှင် တောင်သူများအတွက် များစွာ အကျိုးဖြစ်ထွန်းပါမည်။ဧပြီလမှ စတင်၍ ထွန်ရေးများ စတင်နေပြီဖြစ်သည့်အတွက် မေလတွင် ချေးငွေထုတ်ချေးပေးနိုင်ရန် လိုအပ်ပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေး သမဝါယမ အသင်းဖွဲ့စည်းထားပြီး သမဝါယမအသင်းမှ စိုက်ပျိုးရေး လုပ်ငန်းအတွက် တစ်အိမ်ထောင်လျှင် မြေဧက (၅)ဧက ရှိပါက (၂၀၀၀၀၀-၃၀၀၀၀၀) ကျပ်အထိထုတ်ချေးနိုင်ပါသည်။

ပုဂ္ဂလိကအသေးစားချေးငွေအနေဖြင့် မြတ်ကျွန်းသာ၊DAWN ချေးငွေများရရှိပြီး (၁၄) ရက်တစ်ကြိမ်ပြန်လည်ပေးဆပ်ရပါသည်။DAWN အဖွဲ့မှ (၂၀၀၀၀၀-၇၀၀၀၀၀ကျပ်) အထိထုတ်ချေးပေး ပြီး မြကျွန်းသာချေးငွေမှ (၁၅၀၀၀၀ ကျပ်) ထုတ်ချေးနိုင်ပါသည်။ သို့ရာတွင် နေ့စဉ်အမြတ်ရရှိသော သူများသာအဆင်ပြေပြီး မွေးမြူခြင်းပုံမှန်မလုပ်မရှိသော ကျပန်းလုပ်သားများ အတွက် အဆင်ပြေမှုမရှိပါ။

## (င) ပညာရေး

ကျေးရွာသူ/သားများသည် ပညာရေးအဆင့်အတန်းမှာ အသင့်အတင့် တတ်မြောက်ကြပါသည်။ အရှေ့ပေါက်တောကျေးရွာတွင်အ.ထ.က(ခွဲ) ကျောင်းရှိပြီး(၁)မိုင်အတွင်းသာ ကွာဝေးပါသည်။ ခြေလျှင်၊ စက်ဘီး၊ဆိုင်ကယ်တို့ဖြင့် သွားလာနိုင်ပါသည်ကျေးရွာအတွင်းရှိ မူလတန်းပညာရေး ကိုကျောင်းသား/သူ အားလုံးသင်ကြားနိုင်ကြပြီး အလယ်တန်းတွင်မူဝင်ငွေနည်းမိသားစုအချို့မှကျောင်းဆက်လက်ထားနိုင်ခြင်းမရှိပါ။ ကျောင်းထွက်ရသည့် အကြောင်းအရင်းမှာ စီးပွားရေးအဆင်မပြေမှုနှင့် ကျောင်းနေအရွယ် များခြင်းကြောင့်ဖြစ်သည်။ ကျေးရွာတွင် ကျောင်းနေအရွယ်

မသန်စွမ်းကလေးငယ် (၂) ဦးရှိပြီး ကေဂျီနှင့်စတုတ္ထတန်းတို့တွင် ပညာသင်ယူလျှက်ရှိ သည်။ မသန်စွမ်းများအတွက်အထူးအစီအစဉ်တရပ် အားဖြင့် မရှိပါ။

ကျောင်းတွင်အားကစားကွင်းမရှိသဖြင့်ကာယလေ့ကျင့်ခန်းမျှပြုလုပ်နိုင်ကြသည်။မိဘဆရာ အသင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့များရှိပြီးကျောင်းပြုပြင်ရန်အလှူငွေကောက်ခံခြင်း၊ကျောင်း း ဆောင်ပြုပြင်ခြင်း၊ဆုပေးပွဲနှင့် အခမ်းအနားများကျင်းပရန် ကူညီလုပ်ဆောင်ကြပြီး ပညာရည် အရည်အသွေးမြင့်မားလာစေရန်ဆရာ၊မိဘပူးပေါင်းလုပ်ဆောင်မှုအတွက်အထောက်အပံ့ပေးမှုမှာအာ းနည်းနေသေးပါသည်။(၂၀၁၆-၂၀၁၇) ပညာသင်နှစ်တွင် ကုက္ကိုကုန်းကျေးရွာနေ ဒသမတန်း ကျောင်းသူမှာ ဝိဇ္ဇာတွဲတွင် မြန်မာတနိုင်ငံလုံးအဋ္ဌမ ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည်မှာ ကျေးရွာ၏ ပညာရေးဆိုင်ရာ အနာဂါတ်အတွက် စံနမူနာပြ အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။

**(စ) ကျန်းမာရေး**

ရွာသူ၊ရွာသားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ လည်း နည်းပါးသည်။ရာသီဥတုလိုက်၍ ကူးစက်တက်ကြသော ရောဂါများ(ကလေးများ သွေးလွန်တုပ်ကွေး၊ ဝမ်းလျှော၀မ်းပျက်၊ရာသီတုပ်ကွေး) အနည်းငယ်ရှိသည်။ကျေးရွာတွင် ကလေးသူငယ်များ အာဟာရချို့တဲ့မှုမရှိပါ။လစဉ်ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးများကို ကလေးသူငယ်များ၊ကိုယ် ၀န်ဆောင်မိခင်များအား လာရောက်ထိုးနှံမှုများရှိပါသည်။

ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှာ ကျေးရွာနှင့် (၁) မိုင်ခန့်အကွာရှိ လက်ပံတောကျေးရွာတွင် ရှိပြီး တာ၀န်ကျ သားဖွားဆရာမမှ နှစ်ပတ်လျှင် (၁)ကြိမ်၊ တစ်လလျှင် (၁)ကြိမ်ခန့် ကာကွယ်ဆေးထိုးခြင်း၊ကျန်းမာရေးအသိပညာပေးခြင်းတို့ကိုလုပ်ဆောင်ပေးပါသည်။ပေါင်တလည် တိုက်နယ်ဆေးရုံသို့(၆)မိုင်ခန့်သွားရပြီးပြည်ဆေးရုံ၊(၁၈)မိုင်အကွာသို့ကား၊ဆိုင်ကယ်တို့ဖြင့်လွယ်ကူ စွာသွားရောက်နိုင်ပါသည်(ကျေးရွာတွင်းကားလွယ်ကူစွာငှားရမ်းနိုင်၊ဝင်ငွေနည်းမိသားစုများအားလ ည်း ကျေးရွာမှ ကူညီမှုရှိ)။ကျေးရွာနှင့်ကျေးရွာအနီးတွင်ဖျားနာမှုများ အတွက်မျှသာဆေးဝါး ဝယ်ယူ သုံးနိုင်ပြီး နာတာရှည်ရောဂါအတွက်ဆေးဝါးများ။ ကာကွယ်ဆေးများကိုမူပြည်မြို့တွင်သာ လာရောက်ဝယ်ယူ ကြရသည်။လက်ပံတောကျေးလက်ဆေးပေးခန်းရှိသော်လည်း ဆေးခန်းဖွင့်ချိန် တိကျမှုမရှိခြင်း၊ဆေးဝါး၊အခန်း၊ကုတင်လုံလောက်မှုမရှိခြင်းတို့ကြောင့်အရှေ့ပေါက်တောကျေးရွာအု ပ်စုပိုင်ကျေးလက်ဆေးပေး ခန်းလိုအပ်လျှက်ရှိပါသည်။ကျေးရွာမှငွေကြေး၊ဆေးခန်း ဆောက်လုပ်ရန် မြေနေရာ၊လုပ်အားတို့ပါဝင်နိုင် ကြပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာ၀ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကုက္ကိုကုန်းကျေးရွာ၏ လယ်မြေများသည် မြေနိမ့်ပိုင်းဖြစ်၍ ယခုနှစ်တွင် မိုးရွာသွန်းမှုများခြင်း၊ မြေနိမ့်ပိုင်းဖြစ်၍ ဆည်မြောင်းများမှ ရေများ၊အနီးအနားကျေးရွာများမှ ရေမြောင်းများ စုပုံစီးဆင်းလာ ပြီး ရေထွက်နှေးကွေးနေခြင်းကြောင့် လယ်ကွင်းများရေနစ်မြုပ်ခြင်းခံရပါသည်။ရေထွက်နှေးသည့် အတွက် ရေတစ်ကြိမ်နစ်လျှင် (၇) ရက်မှ (၁၀) ရက်အထိကြာတတ်၍ တောင်သူများ စိုက်ပျိုးပြီး မိုး စပါးပင်များနစ်မြုပ်ပျက်စီး၍ တောင်သူများ နှစ်ကြိမ်၊သုံးကြိမ် ပြန်လည် စိုက်ပျိုးကြရပြီး ကုန်ကျစရိတ် များပါသည်။

**(၉) ကျား – မ ရေးရာ**

ကျား၊မဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူမှုရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်လျက်ရှိပါသည်။အမျိုးသမီးများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ကောက်စိုက်ခြင်း၊ပေါင်းနှုတ်ခြင်း၊ပဲစိုက်ခြင်း၊စပါးရိတ်ခြင်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။အမျိုးသမီးနှင့် အမျိုးသားများ လုပ်အားခနှုန်းထားများကွာ ခြားမှုရှိသည်။လုပ်အားစိုက်ထုတ်မှု၊လုပ်ငန်းအမျိုးအစားများ ကွဲပြားသောကြောင့်လည်း လုပ်ခနှုန်းထား များ ကွာခြားခြင်း ဖြစ်သည်။

ကျေးရွာတွင် အမျိုးသမီးများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မရှိသလောက် နည်းပါးပါသည်။ကျေးရွာတွင် အမျိုးသမီးများတန်းတူအခွင့်အရေးရှိပြီး အဖွဲ့အစည်း များတွင်လည်း စိတ်ပါဝင်စားစွာ ဝင်ရောက်လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။

**၅။ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား**

**ပြည်မြို့နယ်၊ ကုက္ကိုကုန်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ အခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းအရာ | အခွင့်အလမ်း | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ကဏ္ဍ-လမ်းပန်းဆက်သွယ်ရေး | | | | | | |
| ၁။ | • ရွာတွင်းလမ်း၊ရွာချင်းဆက်လမ်းမှာ သွားလာရ ခက်ခဲခြင်း၊<br>• ကုန်ထုတ်လမ်း မရှိသဖြင့် သီးနှံများ အချိန်မီ မသိမ်းဆည်းနိုင်ခြင်း(လေလွင့်ခြင်း) | • မြေသားလမ်းဖြစ်ခြင်း၊<br>• ရေပြွန်များ မရှိခြင်းကြောင့်ရေစီးရေလာမကောင်းခြင်း၊လမ်းပျက်စီးခြင်း၊<br>• ကျေးရွာလူထုမှ ငွေအင်အားစိုက်ထုတ်၍ မပြုပြင်နိုင်ခြင်း၊<br>• တောင်သူများမှ ငွေကြေးမတတ်နိုင်ခြင်း၊ | • ရပ်ရွာသူ/သားများမှ လုပ်အားဖြင့် ပါဝင်နိုင်ကြခြင်း၊<br>• တစ်နိုင်တစ်ပိုင် နှစ်စဉ် ပြုပြင်မှု အနည်းငယ်ရှိခြင်း၊<br>• တောင်သူများမှ ကုန်ထုတ်လမ်း ဖောက်လုပ်ရန် သဘောတူကြခြင်း၊ | • ကိုယ်ထူကိုယ်ထ လမ်းခင်းရန်ငွေကြေးမတတ်နိုင်ခြင်း၊<br>• ဦးစီး၊ဦးဆောင်၍လုပ်ဆောင်လိုသူနည်းပါးခြင်း(ကျေးရွာလူထုမှ စည်းလုံးညီညွတ်မှု အားနည်းခြင်း) | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများနှင့်ဆွေးနွေးပြီးကျေးလက်လမ်းဦးစီးဌာန သို့ တင်ပြတောင်းခံရန်၊<br>• ကျေးရွာလူထုအစည်းအဝေးခေါ်ယူ၍လုပ်သားအင်အား၊ငွေကြေးအင်အားကြိုတင်သတ်မှတ်စုဆောင်ခြင်း၊<br>• နှစ်စဉ်လမ်းပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များကို ကြိုတင်ရေးဆွဲခြင်း ပြုရန်နှင့်ငွေကြေးစုဆောင်းခြင်းနည်းလမ်း | ၁။ ချဉ်းကမ်းလမ်း (အရှည် ၃၅ဖ၀၀ပေ* အကျယ် ၂၅ ပေ* ထု ၁ပေ) အား မြေနီလမ်းခင်းရေး စီမံချက် ၊ ကျေးရွာတွင်းလမ်း(အရှည် ၅၀၀၀ ပေ* အကျယ် ၁၅ ပေ*ထုဖလက်မ)အားမြေနီလမ်းခင်းရေးစီမံချက်။<br>• ကုန်ထုတ်လမ်း ( အရှည် ၅၂ဖ၀ ပေ*အကျယ် ၁၂ ပေ* ထု၂ပေ)အားမြေသားလမ်းဖောက်လုပ် ရေးစီမံချက်<br>• ဦးစီးဦးဆောင်၍လုပ်ဆောင်မည့်သူများ သတ်မှတ်ဖွဲ့စည်းခြင်း/လမ်း ကော်မတီဖွဲ့စည်းခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | များချမှတ်ရန်၊ | • ကျေးရွာလူထု အစည်းအဝေးကျင်းပခြင်းနှင့် ငွေအား၊လူအား သတ်မှတ်<br><br>လျာထားခြင်း၊<br>• လယ်သမားများ၏ သဘောတူညီချက်ရယူခြင်း ၊<br>• သက်ဆိုင်ရာဦးစီးဌာနသို့ ချိတ်ဆက်တင်ပြဆောင်ရွက်ခြင်း၊<br>• ပြုပြင်ထိန်းသိမ်းရေး စနစ်နှင့် ငွေကြေးအစီအမံများထားရှိခြင်း၊ |
| | • ရွာအဝင်ချောင်းကူးတံတားခိုင်ခံ့မှုအားနည်းခြင်း၊<br>• | • နှစ်စဉ်ချောင်းရေတိုက်စားခြင်း၊<br>• နည်းပညာဖြင့် စနစ်တကျဆောက်လုပ်မှုဆိုင် ရာအားနည်းခြင်း၊<br>• ကျေးရွာလူထုမှ | • ရပ်ရွာသူ/သားများမှ လုပ်အားဖြင့် ပါဝင်နိုင်ကြခြင်း၊<br>• တစ်နိုင်တစ်ပိုင် နှစ်စဉ် ပြုပြင်မှု | • ကိုယ်ထူကိုယ်ထ တံတားပြုပြင်နိုင်ရန် ငွေကြေးမတတ်နိုင်ခြင်း၊<br>• ဦးစီး၊ဦးဆောင်၍လုပ်ဆောင်လိုသူနည်းပါးခြင်း(ကျေးရွာလူထုမှ | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများနှင့်ဆွေးနွေးပြီးကျေးလက်လမ်းဦးစီးဌာန သို့ တင်ပြတောင်းခံရန်၊ | • ကွန်ကရစ်တံတား တည်ဆောက်ရေးစီမံချက်( အလျား ၄၀ ပေ* အနံ ၁၅ ပေ* အမြင့် ၈ပေ) ။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၄ ခုနှစ်တွင် ကွန်ကရစ်ဖောင်ဒေးရှင်းချထားပြီး ထန်းသာခင်းဖြင့် အသုံးပြုနေခြင်း၊ | အနည်းငယ်ရှိခြင်း၊ | စည်းလုံးညီညွတ်မှုအားနည်းခြင်း) | • ကျေးရွာလူထုအစည်းအဝေးခေါ်ယူ၍လုပ်သားအင်အား၊ငွေကြေးအင်အားကြိုတင်သတ်မှတ်စုဆောင်ခြင်း၊<br>• နှစ်စဉ်တံတားပြုပြင်ထိန်းသိမ်းရေးအစီအစဉ်မျ ားကိုကြိုတင်ရေးဆွဲခြင်း ပြုရန်နှင့်ငွေကြေးစုဆောင်းခြင်းနည်းလမ်းများချမှတ်ရန်၊ | |
| ကဏ္ဍ–သဘာဝဘေးအန္တရာယ် | | | | | | |
| ၂။ | နှစ်စဉ်ရေကြီးမှုဒဏ်ကိုခံစားရခြင်း၊(လမ်းများပျက်စီးခြင်း၊ကျွဲ၊နွားတိရိစ္ဆာန်များ အစား | • ရေထွက်ပေါက်(ရေတံခါး၂ ခုသာရှိခြင်း)<br>• ရေနုတ်မြောင်းများမလုံလောက်ခြင်း၊ | • ကျေးရွာလူထုအင်အားဖြင့် ပါဝင်လုပ်ဆောင်ရန်အသင့်ရှိခြင်း၊ | • ဌာနဆိုင်ရာနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ | • လိုအပ်သောအားပုဂ္ဂလိကအလှူရှင်၊စေတနာရှင်တို့အားအကူအညီတောင်းခံ ခြင်း၊ | ၂။၄ကပ်ပျောတောအင်း ရေနုတ်မြောင်းများတို့ချဲ့ဖောက်လုပ်ခြင်း၊<br>• ကျေးရွာအုပ်ချုပ်ရေးမှူး၊ရ |

| | | | | | | |
|---|---|---|---|---|---|---|
| | စားရန် ခက်ခဲခြင်း) | • မြောက်နဝင်း ဆည်ရေနှင့်မိုးများစွာရွာသွန်းချိန်တို့ တွေ့ဆုံမိခြင်း၊<br>• ကျေးရွာလူထုအင်အားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိခြင်း(ငွေကြေး၊ စက်ယန္တရား) | | | • ကျေးရွာလူထုမှထည့်ဝင်နိုင်သောငွေကြေးပမာဏ၊လုပ်သား အင်အား သတ်မှတ်ခြင်း၊<br>• အုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများမှဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်၍ တင်ပြဆွေးနွေးခြင်း၊ | ပ်မိရပ်ဖတို့မှဆည်မြောင်းဦးစီးဌာနသို့တင်ပြတောင်းခံခြင်း၊<br>• ငွေကြေး၊လုပ်သားအင်အား ကျေးရွာတွင်း၊ရွာပြင်စုဆောင်းကောက်ခံခြင်း၊ |
| ကဏ္ဍ-သောက်သုံးရေ | | | | | | |
| ၃။ | သန့်ရှင်းဘေးကင်းသော သောက်သုံးရေ အသုံးပြုနိုင်မှုနည်းပါးခြင်း၊ | • နွေရာသီ၊ဆောင်းရာသီတို့တွင် လယ်ကွင်းများထဲမှ ထွက်သော စိမ့်ရေ ကို သောက်သုံးခြင်း(အရပ်အခေါ်-ရေကြည်ပြာ)<br>• စက်တပ် အဝီစိတွင်းများရှိ သော်လည်း သုံးရေသာရခြင်း( ထုံးခါတ်ပါသည်ဟုယူဆခြင်းနှင့်ရေအရည်အသွေးစစ်ဆေးထားမှုမရှိ | • ကျေးရွာမှ လိုအပ်သော လုပ်အား၊ကျွေးမွေးဧည့် ခံစရိတ်များ တာဝန်ယူနိုင်ခြင်း၊<br>• ရေတွင်းတူးရန် ကျေးရွာပိုင်မြေ အဖြစ်လှူဒါန်းရန် မြေနေရာရှိခြင်း၊ | • တွင်းနက်တူးမှသာ လျှင် ရေကြည်၊ရေသန့် ရရှိနိုင်ခြင်းကြောင့် ကုန်ကျစရိတ်များပြားသဖြင့် ဝင်ငွေနည်းမိသားစုများမတတ်နိုင်ခြင်း၊<br>• ငွေကြေးထည့်ဝင်နိုင်သူများမှ အနည်းငယ်ပါဝင်နိုင်သော်လည်း ယင်းတို့တွင် ကိုယ်ပိုင်တွင်းများရှိသဖြင့်စိတ်ပါ | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ အဝီစိစက်တွင်း( တွင်းနက်)တူးဖော်နိုင်ရန်<br>-ရန်ပုံငွေရရှိရေးအစီအစဉ်များရေးဆွဲခြင်း၊<br>-သက်ဆိုင်ရာဦးစီးဌာနသို့ ချိတ်ဆက် တင်ပြခြင်း၊<br>-ကျေးရွာရှိ ရေတွင်းများမှ ရေအား အရည်အသွေးစစ်ဆေးနိုင်ရန် ကျေးလက်ဦးစီးဌာနနှင့်ချိတ် | ၃။ သန့်ရှင်းဘေးကင်းသောသောက်သုံးရေ ရရှိရေးစီမံချက်။<br>အဝီစိတွင်း -၁ တွင်း (တွင်းနက်-၁၀၀၀ပေ) တူးဖော်ခြင်း၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှဦးဆောင်၍<br>-ကျေးရွာတွင်းငွေကြေးတတ်နိုင်သူများ၊ကျေးရွာအနီးအနား ရွာများထံမှ ငွေကြေးစုဆောင်းခြင်း၊<br>-ကျေးလက်ဦးစီးဌာန၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ခြင်း) | | ဝင်စားမှုနည်းပါးကြခြင်း၊<br>• လွှတ်တော်ကိုယ်စားလှယ်များမှ တဆင့် မြို့နယ်ဦးစီးဌာနများသို့ တင်ပြထားသော်လည်း မြို့နယ်ဦးစီးဌာနများ၏ ရုံပုံငွေရရှိမှုအပေါ်တွင် မူတည်ခြင်း၊ | ဆက်ဆောင်ရွက်ခြင်း၊ | လွှတ်တော်ကိုယ်စားလှယ်များသို့ အဆိုပြုတင်ပြခြင်း၊<br>–ရေအရည်အသွေးစမ်းစစ်ခြင်း၊ |
| ကဏ္ဍ–ကျန်းမာရေး | | | | | | |
| ၄။ | • ကျန်းမာရေးဝန်ဆောင်မှုအားနည်းခြင်း | • ကျန်းမာရေးအသိပညာဗဟုသုတ အားနည်းခြင်း၊<br>• ကျေးရွာအုပ်စု(၃ ရွာပါဝင်)အတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိခြင်း၊<br>• လက်ပံတောကျေးရွာတွင်ကျေးလက်ကျန်း | • လူငယ်များတွင် ကျန်းမာရေး ဆင့်ပွားအသိပညာပေးနိုင်သူများရှိခြင်း နှင့်စိတ်ပါဝင်စားကြ ခြင်း၊<br>• ဆေးပေးခန်း ဆောက်ရန် မြေနေရာရှိခြင်းနှင့်ကျေးရွ | •ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်သာ ကျန်းမာရေး အထူးစောင့်ရှောက်မှုပေးခြင်း၊<br>•လူထုကိုယ်တိုင် ကျန်းမာရေးအသိပညာပေး အတွက် စိတ်ပါဝင်စားမှု အားနည်းကြခြင်း၊ | • ကျေးရွာတွင်းကျန်းမာရေးလုပ်သားများပေါ်ထွက်လာစေရန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများမှ ဦးဆောင် ၍ လူငယ်များအား စည်းရုံးဆွေးနွေးခြင်း၊<br>• ကျန်းမာရေးဦးစီးဌာနသို့ ကျန်းမာရေးအသိပညာ | ၄။ပိုမိုကောင်းမွန်သောကျန်းမာရေးဝန်ဆောင်မှုများ ရရှိလာစေရေး၊<br>• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍<br>• ကျန်းမာရေးလုပ်သား၊အရံသားဖွားများ၊ ကျန်းမာရေး လုပ်သားများပိုမိုပေါ်ထွက်လာရန် လူငယ်များအား |

| | | | | | | |
|---|---|---|---|---|---|---|
| | | မာရေးဌာနခွဲရှိပြီးအခန်း၊ ကုတင်၊ဆေးဝါးမလုံ လောက်ခြင်း၊<br>• ဆေးခန်းဖွင့်ချိန် ပုံမှန် မရှိခြင်း၊<br>• ကုန်ကျစရိတ်များခြင် း၊<br>• ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှု အား နည်းခြင်း၊<br>• ကျေးရွာလူထုမှ စားဝတ်နေရေးအတွက် အချိန်ကုန်နေကြပြီး ဆွေးနွေးပွဲများအတွက် အချိန်မပေးနိုင်ကြခြင်း၊<br>• ကျန်းမာရေးအသိပ ညာဗဟုသုတရှိသူမရှိ ခြင်း၊ | ာလူထုမှငွေကြေး အသင့်အတင့်ပါဝင် နိုင်ခြင်း၊ | | ပေးဆွေးနွေးပွဲများပိုမို ကျယ်ပြန့်စွာဆောင်ရွက် နိုင်ရန် လူထုအား စည်းရုံး ဆွေးနွေးခြင်း၊<br>-ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတည်ဆောက် နိုင်ရန် ကျန်းမာရေးဦးစီး ဌာနသို့ တင်ပြခြင်း၊ | စည်းရုံးဆွေးနွေးခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ပေး ခြင်း၊<br>• ကျန်းမာရေး အသိပညာ ပေးဟောပြောပွဲများအားစိ တ်ပါဝင်စားမှုရှိစေရန်ဆွေး နွေး ခြင်း၊<br>• ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း၊ |
| ကဏ္ဍ-စိုက်ပျိုးရေး | | | | | | |
| ၅။ | • သီးနှံအထွက်နှုန်း | • နိုင်ငံတော်မှ မြေသြဇာ | • ကုမ္ပဏီများမှ | • စနစ်တကျ စိုက်ပျိုး | • စိုက်ပျိုးရေးဦးစီးဌာန(သို့ | ၅။စိုက်ပျိုးသီးနှံများ |

| | | | | | | |
|---|---|---|---|---|---|---|
| | လျော့နည်းခြင်း။<br>• ဈေးနှုန်းတည်ငြိမ်မှုမရှိခြင်း။ | အရည်အသွေးများအား စီစစ်ထိန်းချုပ်မှုအားနည်းခြင်း။<br>•စိုက်ပျိုးမြေအရည်အသွေး၊အမျိုးအစားအား မသိရှိဘဲ မြေသြဇာများ ကြွေးနေခြင်း၊<br>•စိုက်ပျိုးရေးအသိပညာအားနည်းခြင်း၊<br>•စိုက်ပျိုးရေးချေးငွေများ အချိန်မီမရရှိသဖြင့် ပြင်ပမှ အတိုးကြီးကြီးဖြင့်ငွေချေးရခြင်း၊<br>•ကုန်သည်များ၏ ဈေးကစားမှုခံရခြင်း၊ပြည်ပမှ ဝယ်ယူမှုမရှိခြင်း၊<br>•ချောင်း(၇)ချောင်းမှ ရေများစီးဆင်း၍ ရေထွက်ပေါက်မရှိသဖြင့် မျိုးစပါးများ(၃)ကြိမ်ခန့် ပြန်ကြဲနေရခြင်း၊ | ပိုးသတ်ဆေး၊မြေသြဇာများ အကြွေးစနစ်၊သီးနှံပေါ်ပေးစနစ်ဖြင့်ရောင်းချခြင်း၊<br>• မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုး/ချေးငွေ ထုတ်ချေးချိန်တွင် စိုက်ပျိုးရေးနည်းပညာများဖြန့်ဝေပေးခြင်း၊<br>• ရေတံခွန်အဖွဲ့မှ စိုက်ပျိုးရေးနည်းပညာပေးခြင်း၊<br>• ပဲပုတ်များစမ်းသပ်စိုက်ပျိုးထားခြင်း၊ | နည်းစနစ်များ ပေးသည့်ပညာရှင်(သို့)မဖွဲ့ အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိခြင်း။<br>• လက်တွေ့စမ်းသပ်သင်ကြားမှုများအားနည်းခြင်း၊<br>• နှစ်စဉ် စိုက်ပျိုးရေးချေးငွေရရှိသည့် ကာလမှာ သီးနှံစိုက်ပျိုးချိန်နှင့် ကိုက်ညီမှုမရှိခြင်း (နောက်ကျခြင်း)<br>• ဈေးကွက်ဆိုင်ရာ အသိပညာဗဟုသုတ၊သတင်းအချက်အလက် လက်လှမ်းမီမှုအားနည်းခြင်း၊ | ) စိုက်ပျိုးရေးပညာရှင်များမှ စိုက်ပျိုးရေးနည်းစနစ်ကောင်းများ ရရှိရန် နှစ်ရှည်ပညာပေးခြင်းများပြုလုပ်ခြင်း၊<br>• မြေဆီလွှာအမျိုးအစားများစမ်းသပ်စစ်ဆေးနည်းများနှင့်လိုအပ်သောအာဟာရများကို ဆွေးနွေးအကြံပြုခြင်း၊<br>• မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ အချိန်မီ ထုတ်ချေးပေးနိုင်ရန် လုပ်ဆောင်ပေးခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အသိပညာဗဟု သုတများကို လက်လှမ်းမီစေရန် ဒေသတွင်းရှိ ကုန်သည်ကြီးများ၊တောင်သူများ အစုအဖွဲ့ ဖွဲ့စည်းခြင်း၊ပုံမှန်တွေ့ဆုံဆွေးနွေးခြင်း၊ | အထွက်နှုန်းတိုးတက်၍ ဈေးကောင်းရရှိနိုင်စေရေး။<br>• စိုက်ပျိုးရေးလုပ်ကိုင်သူတောင်သူအစုအဖွဲ့များ ဖွဲ့စည်း၍ ကွန်ယက်ဖွဲ့စည်းခြင်း။<br>• စိုက်ပျိုးရေးဦးစီးဌာန(သို့) စိုက်ပျိုးရေးပညာရှင်များ မှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းများပေးခြင်း၊<br>• စံပြစမ်းသပ်ကွက်များ ကျေးရွာအတွင်း စမ်းသပ်စိုက်ပျိုးခြင်း၊<br>• မြေသြဇာ၊ပိုးသတ်ဆေးအရည်အသွေးများကို နိုင်ငံတော်မှ မူဝါဒချမှတ်၍ ကြီးကြပ်စစ်ဆေးခြင်းနှင့် အရေးယူခြင်း၊<br>• မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အချိန်မီချေးငွေ ထုတ်ချေးနိုင်ရန် ပြင်ဆင် |

| | | | | | | |
|---|---|---|---|---|---|---|
| | | • လယ်ဧက(၇၀၀) ကျော်ခန့်နှစ်စဉ် ရေကြီး နစ်မြုပ်ခြင်း၊ | | | | ဆောင်ရွက်ခြင်း၊<br>• ကုန်သည်များ၊တောင်သူ အစုအဖွဲ့များစဉ်ဆက်မ ပြတ်တွေ့ဆုံနိုင်ရန် စီစဉ် ဆောင်ရွက်ခြင်းနှင့်ဈေး ကွက်ဆိုင်ရာဗဟုသုတ၊ဖြစ် နိုင်ချေရှိသောဈေးနှုန်းများ နှင့် အလားအလာရှိသော သီးနှံများအကြောင်း သိရှိ နိုင်စေခြင်း၊ |
| ကဏ္ဍ–စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | |
| ၅။ | • အလုပ်အကိုင်အခွင့်အ လမ်းရှားပါးခြင်း၊ | • အသက်မွေးဝမ်း ကြောင်းပညာကျွမ်း ကျင်မှုအားနည်းခြင်း၊<br>• စွန့်စားတီထွင်လိုစိတ် ရှိသော်လည်းဆုံးရှုံးမည် ကို စိုးရိမ်သဖြင့် စွန့်ဦး တီထွင်မှုမရှိခြင်း၊<br>• ငွေအရင်းအနှီးလုံ လောက်စွာမရှိခြင်း၊<br>• စက်ရုံများရှိသော် လည်း အလုပ်လုပ်လိုသူ | • ရန်ကုန်၊မန္တလေး မြို့များရှိ အထည် ချုပ်စက်ရုံများသို့ သွားရောက်လုပ် ကိုင်နိုင်ခြင်း၊<br>• ချဉ်ပေါင်လျှော် များစိုက်ပျိုးကြပြီး ကျေးရွာတွင်းတွင် နာဖားကြိုးထိုး သည့်လုပ်ငန်းအား လုပ်ကိုင်နိုင်ပြီး | • အသက်မွေးဝမ်းကြော င်း ပညာများ သင်ယူရန် ငွေကြေးမတတ်နိုင်ခြင်း ( ယင်းအချိန်အတွင်း ဝင်ငွေမရှိသဖြင့် မိသား စုစားဝတ်နေရေးအတွ က် အခက်အခဲရှိခြင်း)<br>• ကြိုးယက်လုပ်ရန် ထန်းလျှော်များလိုသ လောက်မရရှိခြင်း၊<br>• ဈေးကွက်ဆိုင်ရာ | • သက်ဆိုင်ရာဦးစီးဌာန( သို့) အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကြောင်းန ည်းပညာသင်တန်းများပေး ခြင်း၊<br>• အသက်မွေးဝမ်းကြောင်း သင်တန်းများပေးခြင်း၊<br>• စိတ်ပါဝင်စားသူများည အား စွန့်စားတီထွင်လာလို စိတ်ရရှိရန်လက်တွေ့ ဆောင်ရွက်စေခြင်းဖြင့် | ၅။ဝင်ငွေသင့်တင့်ကောင်းမွန် သောအလုပ်အကိုင်အခွင့်အ လမ်းများ ဖွံ့ဖြိုးလာစေရေး။<br>• စိတ်ပါဝင်စားသော လူငယ်အစုအဖွဲ့ ဖွဲ့စည်းခြင်း၊<br>• သက်ဆိုင်ရာဦးစီးဌာန(သို့) အဖွဲ့အစည်းများနှင့် ချိတ် ဆက်၍ အသက်မွေးဝမ်း ကြောင်းသင်တန်းများရရှိ ရန်ဆောင်ရွက်ခြင်း(စက် |

| | | | | | | |
|---|---|---|---|---|---|---|
| | | များပြားနေသဖြင့် အလုပ်ရရှိရန်ခက်ခဲခြင်း၊ လုပ်အားခမှာ မြို့တွင် စားသောက်၊နေ ထိုင်စရိတ်ဖြင့် ကိုက်ညီ မှုမရှိခြင်း၊ | တစ်ရက်လျှင် ( ၂၅၀၀-၃၀၀၀) ကျပ် ရရှိနိုင်ခြင်း၊ | အသိပညာဗဟုသုတ အားနည်းခြင်း၊<br>• အသေးစားချေးငွေ ထုတ်ချေးသည့် အဖွဲ့အစည်းများရှိသော်လည်း ချေးငွေရရှိရန် သတ်မှတ်ချက်များမှာ ပြန်လည်ပေးဆပ်ရန် အခက်အခဲရှိခြင်း၊ | အသိပညာပေးခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးခြင်း၊<br>• သင့်လျော်သော အသေးစားချေးငွေများထုတ်ချေးပေးခြင်း၊<br>• | ချုပ်၊လက်သမား၊ပန်းရံသင်တန်း)<br>• စွန့်ဦးတီထွင်သင်တန်းများလက်တွေ့သင်ကြားပေးခြင်း၊<br>• အသေးစားငွေချေးအဖွဲ့များမှ သင့်လျော်သော ချေးငွေပမာဏကိုထုတ်ချေးခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အမြင်ဖွင့်သင်တန်းပေးခြင်း၊<br>• အသေးစားစက်မှု၊လက်မှု သင်တန်းများပေးခြင်း၊ |
| ကဏ္ဍ-မွေးမြူရေး | | | | | | |
| ၆။ | •တိရစ္ဆာန်ရောဂါကျရောက်မှုများခြင်းနှင့် သေဆုံးမှုရှိခြင်း၊<br>•စီးပွားဖြစ်မွေးမြူနိုင်မှု အားနည်းခြင်း၊ | • စားကျက်မြေမရှိခြင်း၊<br>• ငွေကြေးမလုံလောက်ခြင်း၊<br>• မွေးမြူရေးနည်းစနစ်များကို စနစ်တကျ မသိရှိခြင်း(မွေးမြူသူ အချင်းချင်းအတွေ့အကြုံဝေမျှခြင်းဖြင့် မွေးမြူ | • ဝက်၊ကြက်၊နွား၊ ငုံးဈေးကွက် ကောင်းရှိခြင်း၊<br>• အိမ်ခြံဝင်းကျယ်ဝန်းခြင်း၊<br>• သောက်သုံးရေ လုံလောက်ခြင်း၊<br>• မျိုးကောင်း၊မျိုး | • မွေးမြူရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း၊<br>• မွေးမြူသူများမှရောဂါများကြိုတင်ကာကွယ် တတ်သည့် အလေ့အထ အားနည်းခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်၍ မွေးမြူသူများအားအောက်ပါဝန်ဆောင်မှုများ ရရှိရန် ဆောင်ရွက်မည်ဖြစ်သည်။<br>• မွေးမြူရေးလုပ်ကိုင်ရန် သင့်လျော်သော အသေး စားချေးငွေ၊ | ၆။မွေးမြူရေးလုပ်ငန်းသည် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းအဖြစ် လုပ်ကိုင်လာနိုင်စေရေး။<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍<br>• မွေးမြူရေးလုပ်ငန်းနှင့် သင့်လျော်သော ချေးငွေ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ကြခြင်း)<br>• ကာကွယ်ဆေးပုံမှန်ထိုးနှံမှုမရှိခြင်း၊ | သန့်ပေါင်းတလည်မြို့ရှိ ကုမ္ပဏီများနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်း၊ | | • မွေးမြူရေးသင်တန်း<br>• မွေးမြူရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ကာကွယ်ဆေးပုံမှန်ထိုးနှံနိုင်ရန်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ထုတ်ချေးပေးနိုင်ရန်တင်ပြချိတ်ဆက်ခြင်း၊<br>• မွေးမြူရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ နည်းပညာပေးပွဲများကျင်းပခြင်း၊<br>• ကာကွယ်ဆေးပုံမှန်ထိုးနှံခြင်း၊ |
| ကဏ္ဍ-လူငယ် | | | | | | |
| ၇။ | •လူငယ်များအားကစားလုပ်ဆောင်မှု၊လေ့လာသင်ယူမှုအားနည်းခြင်း၊ | •အချိန်ပိုများကိုအင်တာနက်များအသုံးပြုခြင်းဖြင့် အချိန်ကုန်ဆုံးနေကြခြင်း၊<br>•အားကစားပစ္စည်း၊ အားကစားနည်းများမရှိခြင်း၊ | • အင်တာနက်များကောင်းစွာအသုံးပြုနိုင်သဖြင့်လူငယ်ကွန်ယက်အဖွဲ့အစည်းများ၊လှုပ်ရှားမှုများ လုပ်ဆောင်နိုင်ခြေရှိခြင်း၊<br>• ပရဟိတလုပ်ငန်းများတွင် လူငယ်များအားကြိုးမာန်တက်လုပ်ဆောင်ကြခြင်း၊<br>• ပြန်/ဆက်ဦးစီး | •လူငယ်များကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်လိုစိတ်၊လေ့လာသင်ယူလိုစိတ်နည်းပါးခြင်း၊<br>•လေ့လာသင်ယူရန်လူငယ်ဖွံ့ဖြိုးရေးစင်တာများမရှိခြင်း၊<br>•လူငယ်ဖွံ့ဖြိုးရေးရံပုံငွေအစီအစဉ်များမရှိခြင်း၊ | •ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ရပ်မိရပ်ဖများမှဦးဆောင်၍ပြန်/ဆက်ဦးစီးဌာန၊အားကာဦးစီးဌာန၊မြို့နယ်တာဝန်ရှိသူများအားအောက်ပါတို့ဖြစ် ပေါ်လာစေရန်တင်ပြချိတ်ဆက်ခြင်း၊<br>-လူငယ်စင်တာ<br>-လူငယ်ကွန်ယက်နှင့် လှုပ်ရှားမှုများ<br>– သုတ၊ရသရရှိမည့် စာအုပ်၊စာပေများ<br>-အားကစားနည်းများ<br>•လူငယ်ဖွံ့ဖြိုးရေးရံပုံငွေ | ၇။လူငယ်များကာယ၊ဉာဏစွမ်းရည် တိုးတက်ဖွံ့ဖြိုးလာစေရေး။<br>• လူငယ်စင်တာများဖြစ်ပေါ်လာစေရေး၊<br>• လူငယ်ကွန်ယက်များ၊ လှုပ်ရှားမှုများဖြစ်ပေါ်လာစေရန်တိုက်တွန်းပံ့ပိုးပေးခြင်း၊<br>• ပြန်/ဆက်ဦးစီးဌာနနှင့် ပူးပေါင်း၍ ကလေးငယ်များ၊နှင့်လူငယ်များအတွက်စာသင်ကျောင်းများတွင်စာအုပ်များငှားရမ်းဖတ်ရှုစေခြင်း၊ လဲလှယ်ပေးခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ဌာနမှစာအုပ်များ ငွားရမ်းဖတ်ရှုနိုင်ခြင်း၊ | | တည်ထောင်ခြင်း၊ | • နွေရာသီတွင် အား/ကာ ဦးစီးမှ အားကစားသင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း၊<br>• လူငယ်ဖွံ့ဖြိုးရေးရံပုံငွေ တည်ထောင်ခြင်း၊ |
| ကဏ္ဍ-ဖွံ့ဖြိုးရေးဆိုင်ရာ စီမံမှုစနစ် | | | | | | |
| ၈။ | •ကျေးရွာတွင်း ကိုယ်ထူကိုယ်ထဖွဲ့စည်းထားသောအဖွဲ့များတွင် စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်မှုစွမ်းရည်အားနည်းခြင်း၊ | •အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ အသိပညာ ဗဟုသုတအားနည်းခြင်း၊<br>•လိုအပ်ချက်အရ ဖွဲ့စည်းခြင်းသာရှိပြီး ရေရှည်တည်တံ့သည့် အစီအစဉ်များထည့်သွင်း ဖွဲ့စည်းထားမှုအားနည်းခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေး၊လူမှုရေး ၊ဘာသာရေးလုပ်ငန်းများအတွက် စုပေါင်းလုပ်ကိုင်သည့်အလေ့ အကျင့်ရှိခြင်း၊<br>• စည်းလုံးညီညွတ်ကြခြင်း၊<br>• သတင်း၊မီဒီယာများမှ အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုကောင်းမွန်လာစေရန် ဗဟုသုတများရရှိနိုင်ခြင်း၊ | •အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှု စနစ်ကောင်းမွန်လာစေရန် ပံ့ပိုးကူညီနိုင်မည့် အဖွဲ့အစည်း/ဦးစီးဌာန နည်းပါးခြင်း၊<br>•အသိပညာပေးဟောပြောပွဲ၊စာအုပ်၊စာပေဆိုင်များလက်လှမ်း မမီခြင်း၊ | •ကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများမှ ဦးဆောင်၍ အဖွဲ့အစည်းဆိုင်ရာ ဗဟုသု တရမည့် စာအုပ်စာပေများ စုဆောင်းခြင်း (ခေါင်းဆောင်မှု၊လူထုအားစည်းရုံးမှု စွမ်းရည်၊အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရန် ပြင်ဆင်နည်း၊ အစည်းအဝေးမှတ်တမ်းရေးနည်း၊ )<br>•ကျေးရွာလူထုအစည်းအဝေးများတွင် အသိပညာပေးခြင်း၊ | ၈။အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း။<br>•ကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖ များမှဦးဆောင်၍ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်စေရန် ဗဟုသုတစာပေအုပ်၊စာပေများထားရှိခြင်း၊<br>•သင်တန်းပေးနိုင်သည့် အဖွဲ့အစည်းများ၊ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း( ဥပမာ-ကျေးလက်ဦးစီးဌာန) |

| | | | | | | |
|---|---|---|---|---|---|---|
| | | | • ကျေးလက်ဦးစီး ဌာနမှ စာရင်းကိုင် သင်တန်းရရှိနိုင်ခြ င်း၊ | | •ကျေးလက်ဦးစီးဌာနအား အကူအညီတောင်းခံ၍ စာရင်းကိုင်သင်တန်းပေး ခြင်း၊ | |

**(ဂ)ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ၊အစီအစဉ်များကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူထားသော ဦးစားပေးစီမံချက်များမှာ တစ်ဖက်ပါအစီအစဉ်အတိုင်း ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူထားသော ဦးစားပေးစီမံချက်များမှာ–

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | လမ်း၊တံတား | ချဉ်းကမ်းလမ်း (အရှည် ၃၅၆၀ပေ* အကျယ် ၂၅ ပေ* ထု ၁ပေ) အား မြေနီလမ်းခင်းရန် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ | ၅၀ | ၁ |
| | | ကျေးရွာတွင်းလမ်း( အရှည် ၅၀၀၀ ပေ* အကျယ် ၁၅ ပေ* ထု ၆ လက်မ)အား မြေနီလမ်းခင်းရန် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ | | |
| | | ကုန်ထုတ်လမ်း ( အရှည် ၅၂၆၀ ပေ*အကျယ် ၁၂ ပေ* ထု ၂ ပေ)အား မြေသားလမ်းဖောက်လုပ်ရန် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ | | |
| | | ကွန်ကရစ်တံတား တည်ဆောက်နိုင်ရန် ချိတ်ဆက်လုပ်ဆောင်ခြင်း၊( အလျား ၄၀ ပေ* အနံ ၁၅ ပေ* အမြင့် ၈ပေ) ။ | | |
| ၂ | သဘာဝဘေးအန္တရာယ် | ၄က်ပျောတောအင်း ရေနုတ်မြောင်းများ တို့ချဲ့ဖောက်လုပ်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ၄၉ | ၂ |
| ၃ | သောက်သုံးရေ | သန့်ရှင်းဘေးကင်းသော သောက်သုံးရေရရှိရေး စီမံချက်။အဝီစိတွင်း –၁ တွင်း | ၄၆ | ၃ |

| | | | | |
|---|---|---|---|---|
| | | (တွင်းနက်-၁၀၀၀ပေ) တူးဖော်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | | |
| ၄ | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း၊ | ၄၄ | ၄ |
| | | ကျန်းမာရေးအသိပညာပေးခြင်း | | |
| | | စိုက်ပျိုးရေးနည်းပညာသင်တန်းများရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | | |
| | | ပိုးသတ်ဆေး၊မြေသြဇာများ အရည်အသွေးမီစွာ သုံးစွဲနိုင်ရန် စီစစ်ကြီးကြပ် နိုင်ရန် အဆိုပြုခြင်း၊ | ၄၂ | |
| ၅ | | စိုကပျိုးရေးချေးငွေအချိန်မီထုတ်ချေးရန် အဆိုပြုတင်ပြခြင်း၊ | | ၅ |
| | | ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များရရှိရန်၊ ဈေးနှုန်း တည်ငြိမ် မှု ရှိလာစေရန် တောင်သူ၊ကုန်သည် များပါဝင်သည့် ကွန်ယက်များ ပေါ်ထွက် လာစေရန် တင်ပြဆောင်ရွက်ခြင်း၊ | | |
| ၆ | စိုက်ပျိုး၊မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | အသက်မွေးဝမ်းကြောင်း သင်တန်းများ ပေးရရှိရန် တင်ပြတောင်းဆိုခြင်း( စက်ချုပ်၊လက်သမား၊ ပန်းရံသင် တန်း) | ၄၁ | ၆ |
| | | အသေးစား၊အလတ်စား ထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးလာစေရန် နည်းပညာ၊ သွင်းအားစုများပံ့ပိုးကူညီခြင်း၊ | | |
| ၇ | ငွေကြေးဝန်ဆောင်မှု | မွေးမြူရေး၊အသေးစား ထုတ်ကုန်လုပ်ငန်း၊ များလုပ်ကိုင်နိုင်ရန် လုပ်ငန်းနှင့်လျော်ညီသောချေးငွေများရရှိရန်ချိတ်ဆက်တင်ပြခြင်း၊ | ၄၀ | ၇ |
| ၈ | မွေးမြူရေး | ပုံမှန်ကာကွယ်ဆေးထိုးနှံနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ၃၈ | ၈ |

| | | | | |
|---|---|---|---|---|
| | | မွေးမြူရေးနည်းပညာပေးသင်တန်းများရရှိရန် တင်ပြချိတ်ဆက်ခြင်း၊ | | |
| ၉ | လူငယ်နှင့် ယာဉ်ကျေးမှု | စာအုပ်၊စာပေများဖတ်ရှုငွားရမ်းနိုင်ရန်/ လက်လှမ်းမီလာစေရန် ချိတ်ဆက် အကူအညီ တောင်းခံခြင်း၊ | ၃၄ | ၉ |
| | | အားကစားနည်းများ လက်လှမ်းမီလာစေရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | | |
| ၁၀ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု | ခေါင်းဆောင်မှုသင်တန်း၊စီမံခန့်ခွဲမှုသင်တန်း၊လူထုအားစည်းလုံးဆွေးနွေးနည်းသင်တန်း၊စာရင်ကိုင်ခြင်းနှင့်မှတ်တမ်းရေးနည်းမ ျားသင်တန်းများရရှိရန်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ၃၃ | ၁၀ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(ကုက္ကိုကုန်းကျေးရွာ၊အရှေ့ပေါက်တောကျေးရွာအုပ်စု)**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၃ | ၈ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၉ | ၅ | ၁၄ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၁၉ | ၃၃ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၂၆ | ၄၃ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၄၅ | ၂၆၀ | ၅၀၅ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၄၀ | ၆၄ |
| **စုစုပေါင်း** | | ၃၁၄ | ၃၅၃ | ၆၆၇ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၁၉၀ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စု(၁၉၀) စုရှိပြီး လူဦးရေးစုစုပေါင်း (၆၆၇)ဦးရှိသဖြင့် တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ (၃.၅၁) ဦးရှိသဖြင့် နိုင်ငံတော်အဆင့် ပျမ်းမျှလူဦးရေ (၅)ဦးထက်

(၁.၅)ဦးလျော့နည်းကြောင်း တွေ့ရှိရသည်။အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေမှာ ကျေးရွာလူဦးရေပေါင်း၏ ( ၇၅.၇၁ %)ရှိသဖြင့် ကျေးရွာအတွက် လုပ်သားအင်အား အရင်းအမြစ်ကောင်း တစ်ရပ်ပင်ဖြစ်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၄ | ၂၂၉ | ၁၉၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၆ | ၅၀ | ၄၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၆ | မြင့် ☐☐☐☐လတ် ☐☐☐☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐☐☐☐လတ် ☐☐☐☐နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၅ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၃ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၆ | ၂ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၆ | ၁၂ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၂ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | ၃ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၀ | ၆၅ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၈ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ် ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်သူ (ကိုယ်ပိုင်)နှင့် အလုပ်သမားအဖြစ်လုပ်ကိုင်သူမှာကျေးရွာဝင်ငွေရအဓိကလုပ်ငန်းများဖြစ်ကြသည်။ကြိုးလုပ်ငန်းကိုလုပ်ကိုင် သူအိမ်ထောင်စု(၆)စု ရှိပြီးဝင်ငွေအသင့်အတင့်ကောင်းမွန်ကြသည်။ အုတ်လုပ်ငန်းတွင်လုပ်သားအဖြစ်ဝင်ရောက်လုပ်ကိုင်သူ (၃)ဦးရှိကြောင်း တွေ့ရသည်။စက်ပြင်၊စက်မောင်းလုပ်သူ (၁)ဦးရှိပြီး ဝင်ငွေပုံမှန်ရရှိခြင်းမရှိပါ။ ပန်းဘဲလုပ်ငန်းလုပ်ကိုင်သူ(၃)ဦးရှိပြီးစက်ချုပ်သူ(၁)ဦးရှိကြောင်းတွေ့ရသည်။အရောင်းအဝယ်လုပ်ကိုင်သူ(၁၂) အိမ်ထောင်စုနှင့် ဈေးဆိုင်ရောင်းချသူ (၅)အိမ်ထောင်စုရှိကြောင်း လေ့လာတွေ့ရှိရပြီး ဝင်ငွေအသင့်အတင့်ကောင်းမွန်ကြပါသည်။ပညာရေးဝန်ထမ်း(၃)ဦး ရှိပြီး ကျပန်းလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်သည့်အိမ်ထောင်စု (၃၀)စုရှိကြောင်း လေ့လာတွေ့ရှိရသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

**(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ လုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ ကျား/မ လုပ်အားခ နှုန်းထားများ ကွာခြားကြပါသည်။လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်းများတွင်သာနေ့စားလုပ်ကိုင်နိုင် ကြပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၆၅၅.၇၅ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၃.၇၃ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
ဤဇယားတွင် အကျုံးဝင်ပါသည်။ သားသမီး နှင့် ဆွေမျိုးများထံတွင် ခိုလှုံရန်၊ မှီခိုရန် သွားရောက်အခြေချနေသော၊ ကျန်းမာရေးအရ အမြဲတမ်း ရွှေ့ပြောင်းနေထိုင်သော ပုဂ္ဂိုလ်များသည် ဤဇယားတွင် အကျုံးဝင်ပါသည်။ ခေတ္တ ပညာသွားရောက်သင်ကြားနေသူများ၊ ခေတ္တ ကျန်းမာရေးကုသမှု ခံယူနေသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခင်က ရွှေ့ပြောင်းသွားလာနေထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည် အခြေချနေထိုင်လျှက်ရှိသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခုလတ်တလောတွင် ခရီးယာယီ သွားနေသူများသည်လည်း ဤဇယားတွင် အကျုံးမဝင်ပါ။

လေ့လာတွေ့ရှိချက်။ ။ ကုက္ကိုကုန်းကျေးရွာမှ ကျပန်းလုပ်ကိုင်သူအများစုမှာ ကျေးရွာအနီးဝန်းကျင်၊ပေါင်းတလည်မြို့၊ပြည်မြို့သို့သာနေ့ချင်းပြန်သွားရောက်လုပ်ကိုင်သူများပြားပါသည်။ မလေးရှားနိုင်ငံသို့ ကျား(၁)ဦး၊ ထိုင်းနိုင်ငံသို့ ကျား(၄)၊မ(၁)ဦး သွားရောက်၍ အလုပ်ကြမ်းလုပ်ကိုင်ကြပါပြီး ပြည်တွင်းအနေဖြင့် ရန်ကုန်၊မန္တလေး ရှိကုမ္ပဏီများ၊အထည်ချုပ်စက်ရုံများတွင်သွားရောက်လုပ်ကိုင်ကြသည်။ ရွှေ့ပြောင်းလုပ်ကိုင်သူများအတွက်ပြဿနာ တစုံတရာမရှိပါ။ ယင်းမိသားစုများမှာ ဝင်ငွေတိုးတက်လာကြောင်းလေ့လာတွေ့ရှိရသည်။

**(၈-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း**

**ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း**

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၃၀ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | ဝ |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | ဝ |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | ဝ |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | ဝ |

**ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။              ။အလုပ်ကိုင်အခွင့်လမ်းများပုံမှန် ရရှိခြင်း၊ လုပ်အားခပိုမိုရရှိခြင်းတို့ကြောင့် သွားရောက်လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။

**(ဂ- ၃)   ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ**

**ဇယား (၂၆)  ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ**

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၂၂ | ၀ | ၁၄ | ၈ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၀ | ☒ | | |
| | ခ။ ဘဏ် | ၁၉ | | | |
| | ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | ၃ | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။           ။ ပြည်ပတွင် သွားရောက်လုပ်ကိုင်ကြသူများ၏ ပြန်ပို့ငွေကို အလယ်အလတ် မှီခိုကြရပါသည်။ပြန်ပို့ငွေများကို ဘဏ်ဖြင့်လည်းကောင်း၊ လူကြုံဖြင့် လည်းကောင်းနီးစပ်ရာဖြင့် ပြန်ပို့ပေးကြပါသည်။

**(ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်**

**ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ**

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး** (**အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်**) | **အကြီးစားဈေးကွက်** (**အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်**) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ဆင်မြီးဆွဲဈေး(၂ မိုင်) | ပြည်(၁၈မိုင်) |
| ရွာမှအကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် □□□□၁ မှ ၅ မိုင် □□□□၅ မှ | ဝ မှ ၁ဝ မိုင် □□□□၁၁ မှ ၂ဝ မိုင် |

သွားလာနိုင်ပြီး ဈေးနှုန်း များအချိန်နှင့်တပြေးညီရရှိခြင်းကြောင့် ဈေးကွက်ကို ကောင်းစွာလက်လှမ်းမီပါသည်။

### (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

**ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း**

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ<br>ကာလလတ် ချေးငွေ<br>ကာလရှည် ချေးငွေ | ၃-၆ လအတွင်း<br>၆လမှ တစ်နှစ်ထိ<br>တစ်နှစ်နှင့် အထက် | အတိုးမဲ့<br>၁ မှ ၂%<br>၂ မှ ၅%<br>၅ မှ ၁၀ %<br>၁၀% ထက် | လိုအပ်သည်<br>မလိုအပ်ပါ | နည်းသည်<br>ရှိသည်<br>မရှိပါ |
| သမဝါယမချေးငွေ | ကာလတိုချေးငွေ<br>ကာလလတ် ချေးငွေ<br>ကာလရှည် ချေးငွေ | ၃-၆ လအတွင်း<br>၆လမှ တစ်နှစ်ထိ<br>တစ်နှစ်နှင့် အထက် | အတိုးမဲ့<br>၁ မှ ၂%<br>၂ မှ ၅%<br>၅ မှ ၁၀ %<br>၁၀% ထက် | လိုအပ်သည်<br>မလိုအပ်ပါ | နည်းသည်<br>ရှိသည်<br>မရှိပါ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ<br>ကာလလတ် ချေးငွေ<br>ကာလရှည် ချေးငွေ | ၃-၆ လအတွင်း<br>၆လမှ တစ်နှစ်ထိ<br>တစ်နှစ်နှင့် အထက် | အတိုးမဲ့<br>၁ မှ ၂%<br>၂ မှ ၅%<br>၅ မှ ၁၀ %<br>၁၀% ထက် | လိုအပ်သည်<br>မလိုအပ်ပါ | နည်းသည်<br>ရှိသည်<br>မရှိပါ |
| ပုဂ္ဂလိက အသေးစား | ကာလတိုချေးငွေ<br>ကာလလတ် | ၃-၆ လအတွင်း<br>၆လမှ | အတိုးမဲ့<br>၁ မှ ၂% | လိုအပ်သည်<br>မလိုအပ် | နည်းသည် |

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| ချေးငွေဝန်ဆောင်မှုကဏ္ဍ | ချေးငွေ<br>ကာလရှည်ချေးငွေ  | တစ်နှစ်ထိ<br>တစ်နှစ်နှင့်အထက် | ၂ မှ ၅%<br>၅ မှ ၁၀%<br>၁၀% ထက်  | ပါ  | <br>ရှိသည်<br>မရှိပါ  |
| အဖွဲ့အလိုက် ငွေစု/ငွေချေး အစီအစဉ် | ကာလတိုချေးငွေ<br>ကာလလတ်ချေးငွေ<br>ကာလရှည်ချေးငွေ  | ၃-၆ လအတွင်း<br>၆လမှ တစ်နှစ်ထိ<br>တစ်နှစ်နှင့်အထက်  | အတိုးမဲ့<br>၁ မှ ၂%<br>၂ မှ ၅%<br>၅ မှ ၁၀%<br>% ၁၀% ထက်  | လိုအပ်သည်<br>မလိုအပ်ပါ  | နည်းသည်<br>ရှိသည်<br>မရှိပါ  |
| ငွေချေးပေးသူ | ကာလတိုချေးငွေ<br>ကာလလတ်ချေးငွေ<br>ကာလရှည်ချေးငွေ  | နေ့စဉ်<br>လစဉ်<br>၃-၆ လအတွင်း<br>၆လမှ တစ်နှစ်ထိ<br>တစ်နှစ်နှင့်အထက်  | အတိုးမဲ့<br>၁ မှ ၂%<br>၂ မှ ၅%<br>၅ မှ ၁၀%<br>၁၀% ထက်  | လိုအပ်သည်<br>မလိုအပ်ပါ  | နည်းသည်<br>ရှိသည်<br>မရှိပါ  |
| အပေါင်ဆိုင် | ကာလတိုချေးငွေ<br>ကာလလတ်ချေးငွေ <br>ကာလရှည်ချေးငွေ  | နေ့စဉ်<br>လစဉ်<br>၃-၆ လအတွင်း<br>၆လမှ တစ်နှစ်ထိ | အတိုးမဲ့<br>၁ မှ ၂%<br>၂ မှ ၅%<br>၅ မှ ၁၀%<br>၁၀% | လိုအပ်သည်<br><br>မလိုအပ်ပါ  | နည်းသည်<br>ရှိသည်<br>မရှိပါ  |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| | | တစ်နှစ်နှင့် အထက် ။ | ထက် ။ | | |
| မိတ်ဆွေနှင့်ဆွေမျိုး များ | ကာလတိုချေးငွေ<br>ကာလလတ် ချေးငွေ<br>ကာလရှည် ချေးငွေ ။ | နေ့စဉ်<br>လစဉ်<br>၃-၆ လအတွင်း<br>၆လမှ တစ်နှစ်ထိ<br>တစ်နှစ်နှင့် အထက် ။ | အတိုးမဲ့<br>၁ မှ ၂%<br>၂ မှ ၅%<br>၅ မှ ၁၀ %<br>၁၀% ထက် ။ | လိုအပ်သည်<br>မလိုအပ် ပါ ။ | နည်းသည်<br>ရှိသ ည်<br>မရှိပါ ။ |

**ရင်းမြစ်      (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။**

**မှတ်ချက်။  ။မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ ကာလတိုချေးငွေ ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ</u>၊ ကာလလတ်ချေးငွေ ဆိုသည်မှာ <u>၃ နှစ်မှ ၅ နှစ်အထိ</u>၊ ကာလရှည် ချေးငွေဆိုသည်မှာ <u>၅ နှစ်မှ ၁၀ နှစ် အထိ</u>ဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။  ။ကျေးရွာ၏ ငွေကြေးလက်လှမ်းမှီ မှုမှာ မြန်မာလယ်ယာ ဖွံ့ဖြိုးရေး ဘဏ်၊ သမဝါယမချေးငွေအသင်းနှင့် ပုဂ္ဂလိကအသေးစားချေးငွေတို့ သာရှိပါသည်။ မြန်မာ့လယ်ယာ စိုက်ပျိုးရေးဘဏ်မှ ချေးငွေမှာ ယခင် (၃) ဦး ဖွဲ့ဝိုင်းကြီးချုပ်စနစ်မှ ယခုအခါ ကိုယ့်တာ ဝန်ကိုယ်ယူသည့် စနစ်သို့ ပြောင်းလဲထုတ်ချေးပေးခြင်း၊ ဖွန်လ မှ စတင်ချေးပေး မတ်လတွင် ပြန်ဆပ်ရသဖြင့် (၁၀) လခန့် အသုံးပြုနိုင်ပါသည်။ အတိုးနှုန်းမှာ (၀.၆၇ % ) တိုး (နှစ်တိုး) ဖြစ်ပြီး သတ်မှတ်ကာလတွင် ပြန်လည်ပေးဆပ်နိုင်မှုမရှိပါက ဒဏ်ကြေးပေးဆောင်ရသည်။ တောင်သူများမှာ ဈေးကောင်းစောင့်ဆိုင်နိုင်

မှုမရှိ ဘဲ စိုက်ဘဏ်မှ ချေးငွေပြန်လည်ပေးဆပ်ရန် အတိုးကြီးဖြင့် ပြင်ပမှ ယူကြရသည်။ ထို့ကြောင့် (၅)နှစ်ကြာ အရစ်ကျ ပြန်လည်ပေးဆပ်ရလျှင် တောင်သူများအတွက်ပိုမို အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ သမချေးငွေရရှိသော်လည်း ငွေချေးသည့် နေ့တွင်ပင် စုဆောင်းငွေပြန်နှုတ်ယူထားခြင်း၊ ချေးငွေအား (၆)လဟုဆိုသော်လည်း နောက်ကျမှ ထုတ်ချေးရခြင်း၊အချိန်စော၍ ပြန်ဆပ်ရခြင်းတို့ကြောင့် ချေးငွေထုတ်ချေးသူ နည်းပါးလာပါသည်။ လက်လုပ်လက်စားသမားများအတွက် ချေးငွေလိုအပ်ပါသည်။ ငွေချေးသူအချို့ရှိသော်လည်း ယုံကြည်မှုရှိမှသာ ငွေချေးနိုင်ပါသည်။ကျေးရွာအတွင်းငွေချေးလိုပါက အပေါင်ခံပစ္စည်းနှင့် (၅)ကျပ်တိုး(လတိုး)ပေးရပါသည်။ ကျေးရွာတွင် ပုဂ္ဂလိက အသေးစား ငွေချေးလုပ်ငန်းများဖြစ်သည့် ဒွန်းနှင့် မြကျွန်းသာ အဖွဲ့များသည် ထုတ်ချေးငွေနှင့် အတိုးနှုန်းကြာမြင့်ချိန် တစ်ခါတည်းပေါင်းပြီး ငွေပမာဏကို (၂၄)ကြိမ်ခွဲ၍ (၁၄)ရက်တစ်ကြိမ် ပေးသွင်းရပါသည်။မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် တွက်ခြေကိုက်မှုမရှိပါ။

**(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

**ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

| အခြေအနေ | အခက်အခဲ | အန္တရာယ်ရှိမှု<br>(အခက်အခဲ "ရှိ" ဟု ဖြေ ဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို။)) |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | ရှိ ☐☐☐☐မရှိ ☐ | မြင့် ☐☐☐☐လတ် ☐☐☐☐နိမ့် ☐ |
| အပင်မျိုးစိတ်များ | ရှိ ☐☐☐☐မရှိ ☐ | မြင့် ☐☐☐☐လတ် ☐☐နိမ့် ☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | ရှိ ☐ မရှိ ☐ | မြင့် ☐☐☐☐လတ် ☐☐☐☐နိမ့် ☐ |
| ရေအရင်းအမြစ် | ရှိ ☐☐☐☐မရှိ ☐ | မြင့် ☐☐☐☐လတ် ☐ နိမ့် ☐ |
| ငါးမျိုးကွဲများ | ရှိ ☐☐☐☐မရှိ ☐ | မြင့် ☐☐☐☐လတ် ☐☐☐☐နိမ့် ☐ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | ရှိ ☐☐☐☐မရှိ ☐ | မြင့် ☐☐☐☐လတ် ☐☐☐☐နိမ့် ☐ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | ရှိ ☐ မရှိ ☐ | မြင့် ☐☐☐☐လတ် ☐☐☐☐နိမ့် ☐ |

**ရင်းမြစ်      ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။မြေဆီသြဇာအခြေအနေမှာ ထပ်တလဲလဲစိုက်ပျိုးခြင်းကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာပြီး အထွက်နှုန်းနည်းပါသည်။သဘာဝအပင်မျိုးစိတ်များမှာ တောင်ယာများခုတ်ထွင်ရှင်းလင်းခြင်း၊နွားစာအဖြစ် ခုတ်ယူခြင်းတို့ကြောင့် မျိုးတုန်းလာကြောင်း တွေ့ရသည်။ ဖျက်ပိုးနှင့်ရောဂါအနည်းငယ်ကျရောက်ပြီး မသေသည့်ပိုးများရှိကြောင်းတွေ့ရသဖြင့် ပိုးမွှားရောဂါထိန်းချုပ်မှုအတွက် အန္တရာယ် အနေအထား အသင့်အတင့်ရှိပါသည်။ စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲမှုကိုကျေးရွာပိုင်အမှိုက်ပုံမရှိသည့်အတွက်မိမိပိုင်စွန့်ပစ်ပစ္စည်းများကိုကိုယ်တိုင်အိမ်ခြံဝန်း(သို့မဟုတ်) မြောင်းဘေးများတွင် မီးရှို့ဖျက်ဆီးပါသည

**(ဆ) ပညာရေး**

**(ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု**

**ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း**

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၆ | ၈ | ၁၄ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၁၂၂ | ၁၅၀ | ၂၇၂ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၁၁၉ | ၁၁၈ | ၂၃၇ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၃၈ | ၄၁ | ၇၉ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၁၅ | ၂၈ | ၄၃ |

**ရင်းမြစ်      အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**မှတ်ချက်။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော အတန်းပညာ တက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့် သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာ တွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦး တစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက်ဆုံး ပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။**

**ဥပမာ – ယခု စာရင်းကောက်ယူချိန်တွင် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ပါက “အလယ်တန်းအဆင့်ရှိသူဦးရေ” တွင်လည်းကောင်း တတိယတန်း(Grade 3) တွင်ပညာသင်ကြားနေပါက (သို့မဟုတ်) ရေးတတ်ဖတ်တတ်အဆင့်သာ**

**(ဥပမာ-ဘုန်းကြီးကျောင်းထွက်) ရှိသည်ဆိုပါက "မူလတန်း အဆင့်ရှိသူဦးရေ" တွင်သာ ထည့်သွင်းရပါမည်။ "ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲဖြစ်ပါက သက်ဆိုင်ရာ အတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ စတုတ္ထတန်း (Grade4)အောင်မြင်ပြီး အလယ်တန်းပညာ ဆက်လက်သင်ကြားခြင်းမရှိပါက "မူလတန်း အဆင့်ရှိသူဦးရေ" တွင်သာ ထည့်သွင်းရပါမည်။ အခြေခံပညာ မူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီး ဖြစ်သော်လည်း စာလုံး၀ မတတ်ပါက "စာမတတ်သူဦးရေ" တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ စာမတတ်သူများမှာ သက်ကြီးရွယ်အို အရွယ်ရှိသူများသာဖြစ်ကြသည်။ကျေးရွာတွင်မူလတန်း၊အလယ်တန်းအဆင့်ရှိသူများပြားကြကြောင်းတွေ့ရသည်။အိမ်ထောင်စု (၁၉၀ )တွင် တက္ကသိုလ်အဆင့်ရှိသူ ကျား(၁၅)ဦး။မ(၂၈) ဦးရှိသဖြင့် ပေါင်း(၄၃) ဦးရှိပြီး ပညာတတ်မြောက်မှု အသင့်အတင့်ကောင်းမွန်ပါသည်။အလယ်တန်းအဆင့်အထိ အောင်မြင်ကြသော်လည်း အထက်တန်းတွင် ကျရှုံးသူများပြားကြောင်း တွေ့ရပြီး ကလေးငယ်များမှာ ဂိမ်းဆော့ခြင်း၊ဖုန်းအသုံးပြုမှုများခြင်း၊မိဘများ၏ တိုက်တွန်းဆုံးမမှုအားနည်းခြင်း၊ဆရာ-မိဘ ပူးပေါင်းညှိနှိုင်းမှုအားနည်းခြင်း၊ငယ်စဉ်ကပင် အတန်းတက်သော်လည်း စာတတ်မြောက်မှု အားနည်းခြင်း တို့ကြောင့် ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**(ဆ-၂) ကျောင်းတက်နှုန်း**

**ဇယား (၃၁) ကျောင်းတက်နှုန်း**

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၃ | ၂၃ | ၄၆ |
| အလယ်တန်း | ၁၇ | ၂၄ | ၄၁ |
| အထက်တန်း | ၁၅ | ၁၀ | ၂၅ |
| တက္ကသိုလ်/ကောလိပ် | ၂ | ၈ | ၁၀ |

**ရင်းမြစ် (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ မူလတန်း၊အလယ်တန်း၊အထက်တို့ကို အရှေ့ပေါက်တောကျေးရွာ၊အ.ထ.က(ခွဲ)တွင် ပညာသင်ကြားနေကြသည်။ပြည်တက္ကသိုလ်တွင် ပညာသင်ကြားသူ (၁၀)ဦးရှိပြီးဘုန်းတော်ကြီးသင်ပညာရေးမရှိပါ။ မူလတန်း၊အလယ်တန်းမှာကျောင်းတက်နှုန်းမှန်ကန်သော် လည်း အထက်တန်းတွင် ဝင်ငွေနည်းမိသားစုများမှ ကျောင်းစရိတ်မတတ်နိုင်ခြင်းကြောင့် ကျောင်းထုတ် လိုက်ရသည့် ကျောင်းသား/သူ အချို့ရှိပါသည်။

**(ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

**ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐☐☐☐မူလွန်<br>☐☐☐☐အလယ်တန်း(ခွဲ)<br>☐☐☐☐အလယ်တန်း<br>☐☐☐☐အထက်တန်း(ခွဲ)<br>☐☐☐☐အထက်တန်း ☐ | မူလတန်း ☐☐☐☐မူလွန်<br>☐☐☐☐အလယ်တန်း(ခွဲ)<br>☐☐☐☐အလယ်တန်း<br>☐☐☐☐အထက်တန်း(ခွဲ)<br>☐☐☐☐အထက်တန်း ☐ | မူလတန်း ☐☐☐☐မူလွန်<br>☐☐☐☐အလယ်တန်း(ခွဲ)<br>☐☐☐☐အလယ်တန်း<br>☐☐☐☐အထက်တန်း(ခွဲ)<br>☐☐☐☐အထက်တန်း ☐ |
| ခ။ ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☐☐☐☐၁ မိုင် မှ ၃ မိုင် ☐☐☐☐၁၅ မိုင် မှ ၂၀ မိုင် ☐☐☐☐၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐☐☐☐၁ မိုင် မှ ၃ မိုင် ☐☐☐☐၁၅ မိုင် မှ ၂၀ မိုင် ☐☐☐☐၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐☐☐☐၁ မိုင် မှ ၃ မိုင် ☐☐☐☐၁၅ မိုင် မှ ၂၀ မိုင် ☐☐☐☐၂၀ မိုင် အထက် ☐ |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☐☐☐☐စက်ဘီး<br>☐☐☐☐ဆိုင်ကယ်<br>☐☐☐☐ကား ☐ | ခြေလျင် ☐☐☐☐စက်ဘီး<br>☐☐☐☐ဆိုင်ကယ်<br>☐☐☐☐ကား ☐ | ခြေလျင် ☐☐☐☐စက်ဘီး<br>☐☐☐☐ဆိုင်ကယ်<br>☐☐☐☐ကား ☐ |
| ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၀ | ၀ | ၀ |
| င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း ☐☐☐☐သင့်<br>☐☐☐☐ညံ့☐ | ကောင်း<br>☐☐☐☐သင့်☐☐☐☐ညံ့☐ | ကောင်း<br>☐☐☐☐သင့်☐☐☐☐ညံ့☐ |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း☐☐☐☐သင့်☐☐☐☐<br>ညံ့☐☐☐☐မရှိ☐ | ကောင်း☐☐☐☐သင့်☐☐☐☐<br>ညံ့☐☐☐☐မရှိ☐ | ကောင်း☐☐☐☐သင့်☐☐☐☐<br>ညံ့☐☐☐☐မရှိ☐ |
| ဇ။ ကျောင်းအာဟာရ | တိုက်ကျွေးမှုရှိသည် ☐ | တိုက်ကျွေးမှုရှိသည် ☐ | တိုက်ကျွေးမှုရှိသည် ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| တိုက်ကျွေးမှု | တိုက်ကျွေးမှု မရှိပါ | | | တိုက်ကျွေးမှု မရှိပါ | | | တိုက်ကျွေးမှု မရှိပါ | | |
| ဇ။ ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ကျေးရွာခန့် | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်  (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကုက္ကိုကုန်းကျေးရွာတွင် စာသင်ကျောင်းမရှိပါ။အရှေ့ပေါက်တော ကျေးရွာတွင် အ.ထ.က(ခွဲ)ကျောင်းရှိပြီး (၁)မိုင်အတွင်းသာ ကွာဝေးပါသည်။ခြေလျှင်၊စက်ဘီး၊ဆိုင်ကယ်တို့ဖြင့် သွားလာနိုင်ပါသည်။ကျေးရွာတွင် ကျောင်းသား/သူ များသည် မူလတန်း၊အလယ်တန်းတွင် အောင်မြင်မှုရှိကြသော်လည်း အထက်တန်းတွင် အောင်မြင်မှုနည်းပါးကြကြောင်း တွေ့ရှိရသည်။မိဘအများစုမှာ ကျောင်းထားနိုင်ကြသော်လည်း ပညာရေးအသိအမြင် ဗဟုသုတနည်းပါးသဖြင့် သားသမီးများ၏ ပညာရေးအပေါ်တွင် စိတ်ပါဝင်စားမှုအားနည်းခြင်း၊တိုက်တွန်းဆုံးမမှုအားနည်းခြင်း၊အတန်းငယ်များတွင်ကပင် စနစ်တကျ တတ်မြောက်လာမှုမရှိခြင်းတို့ကြောင့် အထက်တန်းတွင် ကျရှုံးကြကြောင်း တွေ့ရှိရသည်။

**(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

**ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် □□□□မလုံလောက် □ |
| တပည့် – ဆရာ အချိုး | ၄၀း ၁ အောက် □□□□၄၀း ၁ အထက် □ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ □□□□နည်း □□□□လတ် □□□□များ □ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ □□□□မရှိ □ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် □□□□မလုံလောက် □ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် □□□□အသင့်အတင့် □ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ □□□□နည်း □ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း □□□□သင့် □□□□ညံ့ □ |

**ရင်းမြစ် (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ မူလတန်းပညာရေးကို ကျောင်းသား/သူ အားလုံးသင်ကြားနိုင်ကြပြီး အလယ်တန်းတွင်မူ ဝင်ငွေနည်းမိသားစုအချို့မှ ကျောင်းဆက်လက်ထားနိုင်ခြင်းမရှိပါ။ ကျောင်းထွက်ရသည့် အကြောင်းအရင်းမှာ စီးပွားရေးအဆင်မပြေမှုနှင့် ကျောင်းသားဦးရေ များခြင်းကြောင့်ဖြစ်သည်။ ကျေးရွာတွင် ကျောင်းနေအရွယ် မသန်စွမ်းကလေးငယ် (၂) ဦးရှိပြီး ကေဂျီနှင့် စတုတ္ထတန်း တို့တွင် ပညာသင်ယူလျှက်ရှိသည်။မသန်စွမ်းများအတွက် အထူးအစီအစဉ်တရပ်အားဖြင့် မရှိပါ။ ကျောင်းတွင် အားကစားကွင်းမရှိသဖြင့် ကာယလေ့ကျင့်ခန်းမျှ ပြုလုပ်နိုင်ကြသည်။ မိဘဆရာ အသင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့များရှိပြီး ကျောင်းပြုပြင်ရန် အလှူငွေကောက်ခံခြင်း၊ ကျောင်းဆောင်ပြုပြင်ခြင်း၊ဆုပေးပွဲနှင့် အခမ်းအနားများကျင်းပရန် ကူညီလုပ်ဆောင်ကြပြီး ပညာရည်အရည်အသွေးမြင့်မားလာစေရန် ဆရာ၊မိဘပူးပေါင်းလုပ်ဆောင်မှုအတွက် အထောက်အပံ့ပေးမှုမှာ အားနည်းနေသေးကြောင်းလေ့လာတွေ့ရှိရသည်။

## (၈) ကျန်းမာရေးနှင့် အာဟာရ

### (၈-၁) အဖြစ်များသော ရောဂါများ

**ဇယား (၃၄) အဖြစ်များသော ရောဂါများ**

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |
| ၃ | ငှက်ဖျား | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |
| ၆ | တီဘီ | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |
| ၇ | ဆီးချို | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |
| ၈ | သွေးတိုး | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့် ☐ | နိမ့် ☐ | မရှိ ☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆီးချို၊သွေးတိုးရောဂါ အသင့်အတင့်ရှိပြီး မိုးတွင်းကာလတွင် ဝမ်းပျက်၊ဝမ်းလျော၊ရာသီတုပ်ကွေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ရံဖန်ရံခါဖြစ်တတ်ပါသည်။ အခြားကူးစက်ရောဂါများ မရှိပါ။တီဘီရောဂါဖြစ်ပွားသူများ ရှိသော်လည်း ဆေး(၆)လစာ စားသုံးပြီးဆေးကုသမှု ခံယူပြီးသူများဖြစ်သည်။

**(၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ရှိ ☐ | မရှိ ☐ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ရှိ ☐ | မရှိ ☐ |
| ၃ | ပိုလီယိုရောဂါ | ရှိ ☐ | မရှိ ☐ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ရှိ ☐ | မရှိ ☐ |
| ၅ | ဝက်သက်ရောဂါ | ရှိ ☐ | မရှိ ☐ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ရှိ ☐ | မရှိ ☐ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ရှိ ☐ | မရှိ ☐ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ရှိ ☐ | မရှိ ☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။လက်ပံတော ၊ကုက္ကိုကုန်းကျေးရွာအုပ်စု (၂) စုအတွက် လက်ပံတော ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပြီး တာဝန်ကျဆရာမမှ ကုက္ကိုကုန်းကျေးရွာအတွက် လစဉ်ပုံမှန်ထိုးနှံ ရမည့်ဆေးများကိုမပျက်မကွက်လာရောက်ထိုးနှံပေးပါသည်။ကျန်းမာရေးအသိပညာများနှင့် ပတ်သက်၍ ရံဖန်ရံခါတွင် ပေါင်းတလည် တိုက်နယ်ဆေးရုံမှ လာရောက်အသိပညာပေးခြင်းများရှိပြီး ကျေးရွာတွင်

အခမဲ့ဆေးခန်းဖွင့်ရက်များ၌ အာဟာရဆိုင်ရာ အသိပညာပေးမှုများရှိပါသည်။

**(၈-၃)  ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

**ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ**

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး<br>ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☐<br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☐<br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☐ |

**ရင်းမြစ်       (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂)**

**ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှာ ကျေးရွာနှင့် (၁) မိုင်ခန့်အကွာရှိ လက်ပံတော ကျေးရွာတွင် ရှိပြီး တာဝန်ကျ သားဖွားဆရာမမှ နှစ်ပတ်လျှင် (၁)ကြိမ်၊ တစ်လလျှင် (၁)ကြိမ်ခန့် ကာကွယ်ဆေးထိုးခြင်း၊ကျန်းမာရေး အသိပညာပေးခြင်းတို့ကို လုပ်ဆောင်ပေးပါသည်။ ပေါင်တလည် တိုက်နယ်ဆေးရုံသို့ (၆)မိုင်ခန့် သွားရပြီး ပြည်ဆေးရုံ၊ (၁၈)မိုင် အကွာသို့ ကား၊ဆိုင်ကယ်တို့ဖြင့်
လွယ်ကူစွာသွားရောက်နိုင်ပါသည်(ကျေးရွာတွင်းကားလွယ်ကူစွာငှားရမ်းနိုင်၊ဝင်ငွေနည်းမိသားစုများအား လည်း ကျေးရွာမှ ကူညီမှုရှိ)။ကျေးရွာနှင့် ကျေးရွာအနီးတွင် ဖျားနာ မှုများအတွက်မျှသာ ဆေးဝါး ဝယ်ယူသုံးနိုင်ပြီး နာတာရှည်ရောဂါအတွက် ဆေးဝါးများ၊ကာကွယ်ဆေးများကိုမူ ပြည်မြို့တွင်သာ လာရောက်ဝယ်ယူကြရသည်။လက်ပံတော ကျေးလက်ဆေးပေးခန်းရှိသော်လည်း ဆေးခန်းဖွင့်ချိန် တိကျမှု မရှိခြင်း၊ဆေးဝါး၊အခန်း၊ကုတင် လုံလောက်မှုမရှိခြင်းတို့ကြောင့် အရှေ့ပေါက်တော ကျေးရွာအုပ်စုပိုင် ကျေးလက်ဆေးပေးခန်း လိုအပ်လျှက်ရှိပါသည်။ ကျေးရွာမှ ငွေကြေး၊ဆေးခန်းဆောက်လုပ်ရန် မြေနေရာ ၊လုပ်အားတို့ ပါဝင်နိုင်ကြပါသည်။

**(ဈ) ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(ဈ-၁) သောက်သုံးရေ ရရှိမှု**

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသောအိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါကနွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၄၂ | ရှိ ☐☐☐☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ | ၅၁ | ရှိ ☐☐☐☐မရှိ ☐ | ကောင်း ☐ | နွေ ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| စက်တပ် | | | သင့် ☐<br>ညံ့ ☐ | မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/<br>တုံကင် | ၅၂ | ရှိ ☐ မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ<br>သိုလှောင်ကန် | ၁၀ | ရှိ ☐ မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | ၀ | ရှိ ☐ မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| | | | | |
| ရေကန် | ၃၅ | ရှိ ☐ မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | ၀ | ရှိ ☐ မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

လေ့လာတွေ့ရှိချက်။ ။ ကုက္ကိုကုန်းကျေးရွာတွင် သောက်သုံးရေကို နွေရာသီနှင့် ဆောင်းရာသီတို့တွင် စမ်းရေတွင်းမှ ရရှိပါသည်။စမ်းရေမှာ လယ်ကွင်းများမှ ခပ်ယူကြခြင်းဖြစ်ပြီး ရေကြည်ပြာ ဖြစ်သော်လည်း စမ်းသပ်စစ်ဆေးမှု မရှိဘဲ သောက်နေကြခြင်းဖြစ်သည်။ ရောဂါတစုံတရာ ဖြစ်ပွားမှုမျိုးမရှိပါ။ မိုးတွင်းကာလတွင် မိုးရေကို ရေကန်များ၊စဉ့်အိုးများဖြင့်ထားရှိ၍ သောက်သုံးကြပါသည်။အများအားဖြင့် သောက်သုံးရေ ဖူလုံကြသော်လည်း ဝင်ငွေနည်းမိသားစုအများစု နေကြသည့် နေရာတွင် ရေတွင်း(၂)တွင်းရှိသော်လည်း နွေရာသီတွင် ရေခမ်းခြင်း၊စက်ရေတွင်းမှ ရေကို ရရှိရန် သွားရောက်ခပ်ယူရသဖြင့် အချိန်ကုန်ခြင်းတို့ကို ကြုံတွေ့ရသည်။ယခင်က အနက် ၄၂၀ ပေရှိ ရေတွင်း(၁)တွင်း တူးဖော်ခဲ့သော်လည်း ရေမထွက်သဖြင့် အသုံးမပြုနိုင်ကြပါ။ ကျွမ်းကျင်သူများ၏ မှတ်ချက်အရ ရေနက်တွင်း တူးမှသာ အဆင်ပြေနိုင်ကြောင်း သိရှိရသည်။ကျေးရွာမှ ကျွေးမွေးမစရိတ်၊လုပ်အားမျှသာ ပါဝင်နိုင်ကြသည်။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

**ဇယား (၃၈) အိမ်သာ အမျိုးအစား**

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | |
| ရေဆွဲ အိမ်သာ | ၀ |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၉၀ |
| မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | |
| တွင်း/ဇလားအိမ်သာ | ၀ |
| တွင်းမရှိ အိမ်သာ | ၀ |
| အိမ်သာမရှိ | ၀ |

**ရင်းမြစ်	(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲမှုရှိပြီး ကျေးလက်ကျန်းမာရေးဌာနမှ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ခန့် ပိုးသတ်ဆေးများ လာရောက်ဆေးဖြန်းပေးပါသည်။

(ည) ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☐ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☐ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ ☐ | မရှိ ☐ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများသည် ပါဝင်မှုအားနည်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြပါသည်။ အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။ အမျိုးသမီးများသည် အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ အသိအမြင်ရှိမှု ရှိပါသည်။

**(ဋ) အခြေခံ အဆောက်အဦများ အခြေအနေ**

**(ဋ–၁) ကျေးရွာ၏ လမ်းတည်ရှိမှု**

**ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ**

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီ အလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီ အလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ၂<br>၃<br>၄<br>၅ | ကောင်း<br>သင့်<br>ညံ့ | ၆လမှ ၁နှစ်<br>၂နှစ်မှ ၅နှစ်<br>၅နှစ် အထက် | ပွင့်လင်းရာသီ<br>တစ်နှစ်ပတ်လုံး | ၀–၁ မိုင်<br>၁–၅ မိုင်<br>၅–၁၀ မိုင်<br>၁၀ မိုင်အထက် |
| ချဉ်းကပ်လမ်း | ၁ ၂<br>၃ ၄<br>၅ | ကောင်း<br>သင့်<br>ညံ့ | ၆လမှ ၁နှစ်<br>၂နှစ်မှ ၅နှစ်<br>၅နှစ် အထက် | ပွင့်လင်းရာသီ<br>တစ်နှစ်ပတ်လုံး | ၀–၁ မိုင်<br>၁–၅ မိုင်<br>၅–၁၀ မိုင်<br>၁၀ မိုင်အထက် |
| ရွာချင်းဆက်လမ်း | ၁ ၂<br>၃<br>၄<br>၅ | ကောင်း<br>သင့်<br>ညံ့ | ၆လမှ ၁နှစ်<br>၂နှစ်မှ ၅နှစ်<br>၅နှစ် အထက် | ပွင့်လင်းရာသီ<br>တစ်နှစ်ပတ်လုံး | ၀–၁ မိုင်<br>၁–၅ မိုင်<br>၅–၁၀ မိုင်<br>၁၀ မိုင်အထက် |

**ရင်းမြစ်     ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။   ။မြေသားလမ်း – ၁၊  ကျောက်ခင်းလမ်း – ၂၊  ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅**

**လေ့လာတွေ့ရှိချက်။**   ။ကျေးရွာ၏ လမ်းများမှာ မြေသားလမ်းများဖြစ်၍ တစ်နှစ်ပတ်လုံးသွားလာအသုံးပြုနိုင်ပါသည်။အရှေ့ပေါက်တော ကျေးရွာနှင့် ကုက္ကိုကုန်းရွာ ရွာချင်းဆက် လမ်းသည် (အလျား ၃၅၆၀ ပေ* အနံ ၁၀ ပေ * အမြင့် ၉ လက်မ)ရှိပြီး နှစ်စဉ် မိုးရာသီတွင် လမ်းပမ်းဆက်သွယ်ရေး အခက်အခဲရှိသဖြင့် ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် နှစ်စဉ်မြေနီခင်း

ခြင်းအား တတ်နိုင်သမျှ ဆောင်ရွက်ကြပါသည်။ အချို့နေရာများတွင် သွားလာရန် ခက်ခဲသော နေရာများရှိပါသည်။ကျေးရွာတွင် ကုန်ထုတ်လမ်း မရှိခြင်းကြောင့် သီးနှံများ သယ်ယူရန်အခက် အခဲရှိနေပါသည်။ ကျေးရွာထိပ်ရှိ ချောင်းနေရာမှ ရွာတွင်းသို့သယ်ယူရန် ကုန်ထုတ်လမ်းလိုအပ်နေပြီး ယခုအခါ လှည်းလမ်းသာဖြစ်၍ မြေသားလမ်းဖောက်လုပ်နိုင်ရန် လိုအပ်ပါသည်။ မိုးတွင်းကာလတွင် လူသွားလမ်းမျှသာ အသုံးပြုနိုင်သည်။ အနီးမှ ချောင်းမှာ ကောနေခြင်းကြောင့် ယင်းချောင်းမှ မြေသားများကိုယူ၍ လမ်းမြှင့်တင်ရန် အသုံးပြုပါက အဆင်ပြေနိုင်ပါသည်။ကျေးရွာမှ လယ်သမားများပူးပေါင်း၍ ငွေကြေးကောက်ခံပြီး ယခုနှစ်တွင် ပြုပြင်ခဲ့ရာ (၁၀ သိန်း) ကျပ်ခန့်ကုန်ကျသည်။သို့ရာတွင် လှည်း၊ကား၊ဆိုင်ကယ်သွားလာနိုင်ရန် မြေသားလမ်းအဖြစ် ဖောက်လုပ်ရန် လိုအပ်ပြီး ချောင်းကောအာတူးဖော်ခြင်းဖြင့် မြေသားရယူခြင်း၊ လယ်သမားများအားလုံး၏ သဘောတူညီမှုဖြင့် လယ်ကန်သင်းအား ချဲ့ထွင်ခြင်းတို့ပြုလုပ်ဆောင်ရွက်ရန် လိုအပ်နေပါသေးသည်။

**(၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု**

**ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ**

| တံတားအမျိုးအစား | အရွယ်အစား (ပေ) (အလျား၊ အနံ၊ အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း □<br>သင့် □<br>ညံ့ □ | ၆လမှ ၁နှစ် □<br>၂နှစ်မှ ၅နှစ် □<br>၅နှစ် အထက် □ | ပွင့်လင်းရာသီ □<br>တစ်နှစ်ပတ်လုံး □ |
| ကွန်ကရစ် တံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း □<br>သင့် □<br>ညံ့ □ | ၆လမှ ၁နှစ် □<br>၂နှစ်မှ ၅နှစ် □<br>၅နှစ် အထက် □ | ပွင့်လင်းရာသီ □<br>တစ်နှစ်ပတ်လုံး □ |
| သစ်သား တံတား | ၃၀.၀၀၊ ၁၅.၀၀၊ ၈.၀၀ | ကောင်း □<br>သင့် □ | ၆လမှ ၁နှစ် □<br>၂နှစ်မှ ၅နှစ် □ | ပွင့်လင်းရာသီ □<br>တစ်နှစ်ပတ်လုံး □ |

| တံတား အမျိုးအစား | အရွယ်အစား (ပေ) (အလျား၊ အနံ၊ အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| | | ညံ့  | ၅နှစ် အထက်  | |
| ကြိုးတံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း <br> သင့်  <br> ညံ့  | ၆လမှ ၁နှစ် <br> ၂နှစ်မှ ၅နှစ်  <br> ၅နှစ် အထက်  | ပွင့်လင်းရာသီ  <br> တစ်နှစ်ပတ်လုံး  |
| ဝါးတံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း <br> သင့်  <br> ညံ့  | ၆လမှ ၁နှစ် <br> ၂နှစ်မှ ၅နှစ်  <br> ၅နှစ် အထက်  | ပွင့်လင်းရာသီ  <br> တစ်နှစ်ပတ်လုံး  |
| ရေပြွန် | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း <br> သင့်  <br> ညံ့  | ၆လမှ ၁နှစ် <br> ၂နှစ်မှ ၅နှစ်  <br> ၅နှစ် အထက်  | ပွင့်လင်းရာသီ  <br> တစ်နှစ်ပတ်လုံး  |
| ရေကျော် | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း <br> သင့်  <br> ညံ့  | ၆လမှ ၁နှစ် <br> ၂နှစ်မှ ၅နှစ်  <br> ၅နှစ် အထက်  | ပွင့်လင်းရာသီ  <br> တစ်နှစ်ပတ်လုံး  |

**ရင်းမြစ်   ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။   ။ကျေးရွာ ကုန်ထုတ်လမ်းတွင် အုတ်ခုံ၊သစ်သား ချောင်းကူးတံတား တစ်စင်းရှိပြီး ကောင်းမွန်ခြင်းမရှိပါ။ယင်းတံတားမှာ အလျား (၃၀) ပေ၊အနံ(၁၅)ပေ ရှိပြီး ကုန်ပစ္စည်းသယ်ယူရန် ခက်ခဲပါသည်။၂၀၁၄ ခုနှစ်တွင် ကိုယ်ထူကိုယ်ထဖြင့် အုတ်စီ၊သစ်သားတံတား တည်ဆောက်ခဲ့ပြီး နှစ်စဉ် ပြုပြင်ခဲ့ပါသည်။ယင်းတံတားသည် လှည်းများသာ သွားလာနိုင်သဖြင့် သီးနှံများ ရောင်းချရန်၊ရာသီဥတု ပြောင်းလဲမှုများကြောင့် သီးနှံများအား သိုလှောင်သည့်နေရာ သို့ အချိန်နှင့် တပြေးညီ ရောက်ရှိရန် လိုအပ်ခြင်းကြောင့် အခက်အခဲရှိပါသည်။ကျေးရွာတောင်သူများမှ ယင်းတံတားပြုပြင်ပါက ငွေကြေးတတ်နိုင် သလောက် ပါဝင်နိုင်ခြင်း၊လုပ်အားပါဝင်နိုင်ခြင်း၊ရွာအနီးချောင်းမှ သဲရရှိနိုင်ခြင်းတို့မှာ တံတားတည်**

ဆောက်ရန် အခွင့်အလမ်းကောင်းများဖြစ်ကြသည်။

**(၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

**ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ခြစ်ပါ)။**

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁ဝ မိုင် ☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ လှေ၊ သမ္ဗာန် ☐<br>၂ စက်လှေ ☐<br>၃ သင်္ဘော ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁ဝ မိုင် ☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐ | ၁ လှေ၊ သမ္ဗာန် ☐<br>၂ စက်လှေ ☐<br>၃ သင်္ဘော ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
| --- | --- | --- | --- |
| | ၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ☐ | | |

**ရင်းမြစ်	ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ရေကြောင်း သယ်ယူပို့ဆောင်ရေး အစီအစဉ်မရှိပါ။လှေ(၉) စီးရှိပြီး ငှက်ပျောတောအင်း ရေကြီးပါက အသုံးပြုပါသည်။

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| လေစွမ်းအင် | ၀ | ကောင်း ☐☐☐☐သင့် ☐☐☐☐ညံ့ ☐☐☐☐မဖြေဆို ☐ | ရှိ ☐☐☐☐မရှိ ☐ |
| ဇီဝလောင်စာ | ၀ | ကောင်း ☐☐☐☐သင့် ☐☐☐☐ညံ့ ☐☐☐☐မဖြေဆို ☐ | ရှိ ☐☐☐☐မရှိ ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၀ | ကောင်း ☐☐☐☐သင့် ☐☐☐☐ညံ့ ☐☐☐☐မဖြေဆို ☐ | ရှိ ☐ မရှိ ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၅၁ | ☒ | ☒ |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မဟာဓါတ်အားလိုင်းရရှိပြီး ကျေးရွာအိမ်ထောင်စု၏ ( ၇၃.၁၅ % )မှာ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးကို သွယ်တန်းအသုံးပြုနိုင်ကြသည်။ဝင်ငွေနည်းသော အိမ်ထောင်စုများမှာ ငွေကြေးမတတ်နိုင်သဖြင့် အသုံးပြုနိုင်ခြင်းမရှိပါ။လျှပ်စစ်မီး ရရှိသည်မှာ နှစ်(၆၀) ခန့်ရှိနေပြီး သစ်သားဓါတ်တိုင်များ၊ မီးကြိုးဆွေးမှုတို့ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်နေရသည်။လျှပ်စစ်ဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်သော်လည်း လဲလှယ်ခြင်းမပြုလုပ်နိုင်သေးပါ။

**(၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

**ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၂၁၀ | ၅၉ | ၁၁၂ | ၁၄ |

**ရင်းမြစ် အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိုဘိုင်းဖုန်းနှင့် တီဗွီမှာ အိမ်တိုင်းစေ့နီးပါး ပိုင်ဆိုင်ကြပြီး ယင်းမှ သတင်းအချက်အလက် ရရှိပါသည်။

## (ဃ)  ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

**ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲ များ ရှိခြင်း | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာ နှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း ☐ များ ☐ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည် တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |

**ရင်းမြစ်	ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။**	။ကျေးရွာရှိ လူငယ်များသည် အပန်းဖြေအနားယူရန် နေရာများ၊အားကစားလုရ်န် ဘောလုံးကွင်းများ မရှိကြပါ။ ယခုအခါ လူငယ်များသည် ဖုန်းအသုံးပြုခြင်းနှင့် အချို့မှာ အရက်ဆိုင်သွား၍ အချိန်ဖြုန်းနေကြပါသည်။ရွာ၏ မြေလွတ်သော နေရာတွင် ပိုက်ကျော်ခြင်း ခတ်တမ်းကစားကြသည်။ ကျေးရွာ၏ လူမှုရေး၊ဘာသာရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုရှိကြပါသည်။လေ့လာသင်ယူရန် အခွင့်အလမ်း လက်လှမ်းမီမှု အလွန်ပင်နည်းပါးပါသည်။ကျေးရွာတွင် ဘုရားပွဲ၊သက်ကြီးပူဇော်ကန်

တော့ပွဲများ၊ ၁၂ ရာသီပွဲတော်များကို အစဉ်လာအတိုင်းကျင်းပကြပြီး လူငယ်များ ပါဝင်မှုအားကောင်းပါသည်။ ကျေးရွာစာသင်ကျောင်းတွင် စာကြည့်တိုက်ရှိပြီး စာသင်ကျောင်းမှစ၍ စာဖတ်အားကောင်းမွန်လာစေရန် စာအုပ်စာပေများဖြည့်ဆည်းပေးခြင်း၊ကလေးစာဖတ်ပွဲတော်များပြုလုပ်ခြင်း၊ပြိုင်ပွဲများကျင်းပပေးခြင်းဖြင့် မြှင့်တင်ရန်လိုအပ်ပါသည်။ လူငယ်များအား စာအုပ်စာပေများလက်လှမ်းမီလာစေရန် ကျေးရွာရံပုံငွေဖြင့် ရသ၊သုတ စာပေများ ထားပေးခြင်း၊ စနစ်တကျ ဖုန်းအသုံးပြုနိုင်ရန် ကောင်းကျိုး၊ဆိုးကျိုးများကို အသိပညာပေးခြင်း၊တွေ့ဆုံဆွေးနွေးပွဲများတွင် စည်းရုံးခြင်းဖြင့် လူငယ်အရည်အသွေးမြင့်မားလာစေရန် လုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသည်။

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

**ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

| **ဝန်ဆောင်မှုများ** | **ရှင်းလင်းချက်** | | |
|---|---|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်း လိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☐ | မရှိ ☐ | မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ | မရှိ ☐ | ဖြေဆိုပါ ☐ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☐ | မရှိ ☐ | မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင် ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☐ | မရှိ ☐ | မဖြေဆိုပါ ☐ |

**ရင်းမြစ် ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။**

**လေ့လာတွေ့ရှိချက်။** ။ကုက္ကိုကုန်းကျေးရွာတွင် တယ်လီဖုန်း တာဝါတိုင်များမရှိသော်လည်း အုပ်စုရွာတွင် အမ်ပီတီ တာဝါတိုင်ရှိသဖြင့် ရှင်းလင်းစွာ ဆက်သွယ်ပြောဆိုနိုင်ပါသည်။အာမခံလုပ်ငန်းများအား လက်လှမ်း

မီခြင်းမရှိပါ။သဘာဝဘေးအန္တရာယ်မှာ နှစ်စဉ်ရေကြီးသဖြင့် လယ်ယာမြေ၊သီးနှံများ ပျက်စီး လေ့ရှိသော်လည်း ကြိုတင်ကာကွယ်ရေးအစီအစဉ်များလုပ်ဆောင်ထားခြင်မရှိပါ။ မှုခင်းကာကွယ် တားဆီး ရေးအတွက် ရဲကင်းများ ရုံဖန်ရုံခါ ကင်းလှည့်သည်များ တွေ့ရသည်။

**(ဏ-၂) မှုခင်းဖြစ်ပွားမှု**

**ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ**

| စဉ် | မှုခင်းအမျိုးအစား | မှုခင်းဖြစ်ပွားမှု အခြေအနေ | | |
|---|---|---|---|---|
| ၁ | လူကုန်ကူးမှု | စိုးရိမ်ရသည် ☐ | သာမန် ☐ | မရှိ ☐ |
| ၂ | ခိုးမှု | စိုးရိမ်ရသည် ☐ | သာမန် ☐ | မရှိ☐☐ |
| ၃ | မူးယစ်ဆေးသုံးစွဲမှု | စိုးရိမ်ရသည် ☐ | သာမန် ☐ | မရှိ ☐ |
| ၄ | အကြမ်းဖက်မှု | စိုးရိမ်ရသည် ☐ | သာမန် ☐ | မရှိ☐☐ |

**ရင်းမြစ် ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ရုံဖန်ရုံခါ ခိုးမှုအနည်းငယ်ရှိသော်လည်းသာမာန်မျှသာဖြစ်သည်။ မှုခင်းကြီးကြီးမားမား ဖြစ်ပွားခြင်းမရှိပါ။